မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၁၁)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကူဝိတ်နိုင်ငံ၏အကြီးအကဲအရိုက်အရာကိုဆက်ခံသူထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကူဝိတ်နိုင်ငံ၏အကြီးအကဲ အရိုက်အရာကိုဆက်ခံရသော ရှိတ် ဆဒ် အယ်လ် အဗ္ဗဒူလာ အယ်လ် ဆာဗားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

တစ်နိုင်ငံလုံးဆက်သွယ်သွားလာမှုလွယ်ကူစေရေး လမ်းတံတားများတည်ဆောက်ပေးခဲ့ ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်သွားလာမှုလွယ်ကူလာသည်နှင့်အမျှ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုပိုမိုလာကာ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုထွန်းကားလာမှာဖြစ်

စီမံကိန်းလုပ်ငန်းများ စံချိန်စံညွှန်းမီမီ အရည်အသွေးကောင်းကောင်းဖြင့် တည်ဆောက်ပြီးစီးရေးကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အတူ ဇန်နဝါရီ ၁၆ရက် နံနက်ပိုင်းတွင် မြိတ်မြို့မှ ပုလောမြို့နယ် မလိကျွန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိသည်။ **စာမျက်နှာ ၈ ကော်လံ ၁** ❒

သံလွင်တံတား(မော်လမြိုင်)ကို တွေ့ရစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ဝင်များ ဟိန်းဇေတပ်နယ်တွင် ကြက်ဆူပျိုးပင်များကို ကြည့်ရှုစစ်ဆေးကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်)

လယ်ယာကုန်ထုတ်စွမ်းအား တိုးတက်ရေးကြိုးပမ်း ဇီဝလောင်စာရရှိမည့် ခြံစည်းရိုးကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုး

ယနေ့အချိန်အခါတွင် နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်နှင့်စီးပွားရေးလုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှု၊ တာဝန်ရှိသူအဆင့်ဆင့်၏ ကွင်းဆင်းကြပ်မတ်စစ်ဆေးမှုတို့ကြောင့် အခြားပြည်နယ်နှင့်တိုင်းများနည်းတူ တနင်္သာရီတိုင်းသည်လည်း သိသာစွာ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်ကို တွေ့မြင်နေရသည်။

တနင်္သာရီတိုင်း၏ ရေ၊ မြေ၊ သယံဇာတပေါကြွယ်ဝမှု၊ ရေလုပ်ငန်း၊ သတ္တုလုပ်ငန်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတို့၏ အခြေအနေအခွင့်အလမ်းပေးမှုတို့ကို ထိရောက်စွာအသုံးချ၍ အားထုတ်လုပ်ကိုင်ဆောင်ရွက်သွားကြမည်ဆိုပါက တနင်္သာရီတိုင်းသည် နိုင်ငံတော်အတွက် စီးပွားရေးအရ အဓိကမဏ္ဍိုင်ပြုရမည့် တိုင်းကြီးတစ်တိုင်း ဖြစ်လာမည်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဇန်နဝါရီလ ၁၅ ရက်နေ့နံနက်ပိုင်းက မြိတ်မြို့ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ တနင်္သာရီတိုင်းမှ တိုင်း၊ ခရိုင် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက အမှာစကားပြောကြားရာ၌—

"သီးနှံစုံ၊ အမယ်စုံ တိုးချဲ့ထုတ်လုပ်လာသည်နှင့်အမျှ စိုက်ပျိုးရေးကဏ္ဍ၌ လယ်ယာသုံးစက်ကိရိယာများကို တိုးချဲ့အသုံးပြုနိုင်ရမှာဖြစ်ကြောင်း၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်မှလည်း စိုက်ပျိုးရေး ထုတ်လုပ်မှုစွမ်းအားများ တိုးတက်လာမှာဖြစ်ကြောင်း၊ ထို့ကြောင့် လက်တွန်းထွန်စက်၊ ရေစုပ်စက်စသည့် လယ်ယာသုံး စက်ကိရိယာများအတွက် ဒီဇယ်ဆီအစားထိုး ဇီဝလောင်စာ ရရှိမည့် ခြံစည်းရိုးကြက်ဆူပင်များကို တိုးချဲ့စိုက်ပျိုးသွားကြရန်ဖြစ်ကြောင်း"

မှာကြားခဲ့သည်။

တနင်္သာရီတိုင်း၏ စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါး၊ ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်းတို့ကို ရည်မှန်းချက်ရှိရှိ တိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားရန် လိုပေသည်။ ဆန်စပါးကို တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ဒေသအတွင်း ဆန်ခိုင်ခိုင်မာမာ ဖူလုံလာစေမည်ဖြစ်သည်။

ဆီအုန်းဧက ငါးသိန်းပြည့်မီအောင် စိုက်ပျိုးနိုင်ခြင်းဖြင့် ပြည်တွင်းစားသုံးဆီ ဖူလုံစေမည့်အပြင် တနင်္သာရီတိုင်းသည်လည်း နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်လာမည်ဖြစ်သည်။

ယခုအခါ ဆီအုန်းလုပ်ငန်းရှင်များက ဆီအုန်း ဆီကြိတ်စက်ရုံများ ထူထောင်ပြီး ဆီကြိတ်များကို စတင်ထုတ်လုပ်နေပြီဖြစ်သည်။ မကြာမီနှစ်ပိုင်းအတွင်း၌ စားအုန်းဆီထုတ်လုပ်သည့် ပုဂ္ဂလိက ဆီချောစက်ရုံများ ပေါ်ထွက်လာပြီး ပြည်တွင်းမှထုတ်လုပ်သည့် စားအုန်းဆီများကို ဈေးကွက်၌ တွေ့မြင်ရတော့မည်ဖြစ်သည်။

တနင်္သာရီတိုင်းအနေဖြင့် ရော်ဘာနှင့်ငရုတ်ကောင်းတို့မှလည်း ဝင်ငွေတိုးတက်ရရှိလာမည် ဖြစ်သည်။ ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုမည့် ခြံစည်းရိုးကြက်ဆူပင်များကို တိုးချဲ့စိုက်ပျိုးခြင်းဖြင့်လည်း ဝင်ငွေပိုမိုရရှိလာစေမည်ဖြစ်သည်။

ခြံစည်းရိုး ကြက်ဆူပင်မှရရှိသည့် ဇီဝလောင်စာဆီသည် လယ်ယာသုံးစက်ကိရိယာများ၊ မော်တော်ယာဉ်များ၊ မီးစက်များ မောင်းနှင်ရာတွင် အသုံးပြုနိုင်သည်။ ထို့ကြောင့် နိုင်ငံတော်က ပြည်နယ်၊ တိုင်းများတွင် ခြံစည်းရိုးကြက်ဆူပင် ဧကငါးသိန်းစီစိုက်ပျိုးရန် တာဝန်ပေးထားပြီး ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ကုန်ထုတ်လုပ်မှုစွမ်းအားများ တိုးတက်လာရေးအတွက် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး ကြိုးပမ်းအားထုတ်သွားကြရင်း လယ်ယာသုံးစက်ကိရိယာများတွင် ဒီဇယ်ဆီအစားထိုး ဇီဝလောင်စာဆီရရှိမည့် ခြံစည်းရိုးကြက်ဆူပင်များကို တိုးချဲ့စိုက်ပျိုးသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသားညီလာခံကို ဂုဏ်ပြုထောက်ခံ စုပေါင်းသန့်ရှင်းရေးနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၈

အမျိုးသားညီလာခံကို ဂုဏ်ပြုထောက်ခံသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထွေထွေရောဂါကုဆေးရုံကြီးသို့ ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက် ၇ နာရီခွဲတွင် အဆိုပါဆေးရုံကြီး၌ ကျင်းပသည်။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်စည်းရုံးရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်စန်းနွယ်နှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ စုစုပေါင်းအင်အား ၉၀၀ ကျော်တက်ရောက်ကြပြီး ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထွေထွေရောဂါကု ဆေးရုံကြီးဝင်းအတွင်း၌ လုပ်ကွက် ခြောက်ကွက်ခွဲကာ အမှိုက်လှည်းခြင်း၊ ချုံနွယ်မြက်များ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် အမှိုက်များဆယ်ယူခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြသည်။

ဆက်လက်၍ အင်းစိန်မြို့နယ် အထွေထွေရောဂါကု ဆေးရုံကြီးသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဦးဆောင်ကာ အလှူရှင်များက ငွေပဒေသာပင်စိုက်ထု လှူဒါန်းပွဲအခမ်းအနားကို ဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က အင်းစိန်မြို့နယ် မြို့နယ် အထွေထွေရောဂါကု ဆေးရုံကြီးသို့ ဆေးပဒေသာပင် စိုက်ထူလှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အလှူငွေကျပ်နှစ်သိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အလှူငွေကျပ် တစ်သိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က အလှူငွေကျပ်နှစ်သိန်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်း၊ ဇနီး ဒေါ်စောရွှေ၊ ဗိုလ်မှူးချုပ်စည်သူတင်ဖေ(ငြိမ်း)၊ ဇနီး ဒေါ်သိန်းဆိုင်မိသားစုတို့က အလှူငွေကျပ် တစ်သိန်းစီ၊ အင်းစိန်မြို့နယ်အတွင်းရှိ စေတနာရှင်ပြည်သူများနှင့် Crown ဝါယာ ရွှေပြည်သာစက်မှုဇုန်က အလှူငွေကျပ် ငါးသိန်း၊ အဂ္ဂမဟာသီရိသုဓမ္မ သင်္ဂီ ဒေါ်ဆယ်မိသားစု၊ ဦးမြင့်လွင်၊ ဒေါ်ရှုတီ၊ မင်္ဂလာဒုံ၊ လှိုင်သာယာ စက်မှုမြို့ စီမံခန့်ခွဲရေးကော်မတီက အလှူငွေကျပ် နှစ်သိန်းစီ၊ ဦးတင်စိန် ဒေါ်ဝင်း၊ ထန်းတပင်နှင့် မှော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၊ ဦးကောင်းမြတ်ဦးနှင့် ဦးကျော်ကျော်ထွန်း၊ လှည်းကူးနှင့် စိန်ရတနာ နာရေးကူညီမှုအသင်းက အလှူငွေကျပ် တစ်သိန်းစီ အပါအဝင် အလှူရှင် ၂၆ ဦးတို့က အလှူငွေစုစုပေါင်း ၃၄ သိန်းခွဲကို ပေးအပ်လှူဒါန်းကြရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ဝင်းမောင်နှင့် အင်းစိန်မြို့နယ် အထွေထွေရောဂါကုဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာအေးဖေတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာအား ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ဆေးရုံအုပ်ကြီး ဒေါက်တာအေးဖေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က အင်းစိန်မြို့နယ် အထွေထွေရောဂါကု ဆေးရုံကြီးအတွက် အလှူငွေကျပ်နှစ်သိန်းကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့တော်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား

၁၉-၁-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်

၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး

၇:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၈:၀၀ ၇။ အတီးပြိုင်ပွဲ

၈:၁၀ ၈။ အကပဒေသာ

၈:၂၀ ၉။ ကပ်တဲလ်ကြိုးတံတား

၈:၃၀ ၁၀။ International News

၈:၄၅ ၁၁။ Let's Go

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ English for Everyday Use

၁၆:၄၅ ၄။ အဆိုပြိုင်ပွဲ

၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]

၁၇:၁၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၁၇:၂၀ ၇။ မြန်မာစာ မြန်မာစကား

၁၇:၃၀ ၈။ **"စည်းကမ်းလိုက်နာ ဘေးကင်းမှာ"** ကျော်ရဲအောင်၊ ချစ်သူ၊ ဇော်ဝင်းမောင်၊ လင်းဇာနည်ဇော်၊ ပွင့် [ဒါရိုက်တာ-ခင်ဇော်၊ မြင့်စိုး(ဝ/သ၊ရန်ကုန်)]

၁၇:၄၀ ၉။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

၁၇:၅၀ ၁၀။ တေးဂီတအစီအစဉ်

၁၈:၀၀ ၁၁။ ညနေခင်းသတင်း

၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ

၁၈:၃၅ ၁၃။ ရုပ်မြင်ရသတေးစုကဏ္ဍ

၁၈:၅၀ ၁၄။ အကပြိုင်ပွဲ

၁၉:၀၀ ၁၅။ တေးဂီတအစီအစဉ်

၁၉:၁၅ ၁၆။ အတီးပြိုင်ပွဲ

၁၉:၃၅ ၁၇။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ

၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း

၁၉။ နိုင်ငံတကာသတင်းများ

၂၀။ မိုးလေဝသအခြေအနေ

၂၁။ ၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ **"ဝိဓူရဇာတ်တော်ကြီး"** (ဒုတိယဆု) [မန္တလေးတိုင်း] (အပိုင်း-၂)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်း ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်အားဖူးမြော်ကြည်ညို

ရန်ကုန် ဇန်နဝါရီ ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဇန်နဝါရီ ၁၇ရက် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်သို့ ရောက်ရှိကြသည်။

ဖူးမြော်ကြည်ညို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်အား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

ဖူးမြော်ကြည်ညို

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များသည် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်အား ပန်း၊ ဆီမီးနှင့်ရေချမ်းတို့ ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ရွှေသင်္ကန်းဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်အား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ညောင်နှစ်ပင်သာတဲ့ကွန်းဆီက

* ညောင်နှစ်ပင် သာတဲ့ကွန်းဆီက
အောင်မြင်စရာ စာဖွဲ့ညွှန်းလိုက်ရဲ့
သွန်းလိုက်တဲ့မေတ္တာရေ
အချစ်ဖြာဝေ အေးစေမင်း။

* ဖွဲ့စည်းပုံ အခြေခံဥပဒေရယ်လို့
တကယ့်အပြီးအစုံ မသွေမှန်ပြုစေဖို့
ယခုအခြေ ညီနောင်ရင်းတွေနှင့်
ပြည်ထောင်အတွင်း လင်းရောင်ဖြာ
အလျှဉ်းအမှောင်ခွာ ဖယ်ရှင်း။

* ဦးတည်ချက် ခြောက်ရပ်တို့ဖြင့်
မပြတ်စေဖို့ မျက်ခြည်
ဆက်တည်အောင် မပျက်ရည်ဆောင်
ပြည်ထောင်အရေးပေမို့ ဆွေးနွေးလို့ညှိနှိုင်းမှာ
ပြည့်တိုင်းဌာနေ သာစေကြောင်း။

* ကိုယ့်နိုင်ငံ အမျိုးသားရေးပေမို့
ကြိုးစားကာ အားထုတ်ကြလေငဲ့
မတရားအလုပ် စကားယုတ်တွေဖြင့်
သားပုပ်လေလွင့် အလကားရှုပ်နေမင့်လည်း
အမြင့်ကောင်းကင်မှာ ထိန်စွာသာသော်တာလရောင်လို
ထွန်းပရောင်ပြောင်မပျက်ပါဘု
ထိုမှတစ်ပါး ပတ္တမြားရွှေဂူကို
အူတိုကာ ညစ်ထေးစေဖို့
ဝက်မိုက်တွေ ကိုယ်မှာပေကျံတဲ့
ရွှံ့နွံတွေဘယ်လိုပွတ်ပေမယ့်
ရွှေဂူမှာ အသရေမညှိုးပါဘူး
တိုးလို့သာပြောင်လက်မြဲ
တိုင်းဂုဏ်ဆောင် ပြည်ထောင်သားတွေ
မခွဲဘဲလက်တွဲကာ ဝန်းရံလို့ ရွှေနိုင်ငံသည်ခရီးဆီ
နီးလေပြီ အို--မဝေးပြီဘု
ရောက်လုလို့ အားရစွာလွန်နှစ်ထောင်းတယ်
ခတ်မိလက်ခမောင်း။ ။

(ကျင်းပဆဲအမျိုးသားညီလာခံကြီးအား ဂုဏ်ပြုလျက်-)

ဟိန်းထက်ဟိန်း (လယ်ဝေး)

တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်၊ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း အမျိုးသားညီလာခံဂုဏ်ပြုသောအားဖြင့် ကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲပါဝင်စိုက်ပျိုး ကျေးရွာတိုက်နယ်ဆေးရုံ၊ ကျောင်းဆောင်သစ်နှင့်စာကြည့်တိုက်ဖွင့်ပွဲ တက်ရောက်အားပေး

ရန်ကုန် ဇန်နဝါရီ ၁၈

အမျိုးသားညီလာခံကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ကြက်ဆူပင် ဧက၃၀ စုပေါင်းစိုက်ပျိုးပွဲကို ဇန်နဝါရီ ၁၅ရက် မွန်းလွဲပိုင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကြက်ဆူပင် စံပြမျိုးသန့်ဧက ၁၀၀ စိုက်ခင်း၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ စိုက်ခင်းအတွင်းရှိ ရှင်းလင်းဆောင်တွင် စိုက်ပျိုးရေးတာဝန်ခံ ဒုတိယ ဗိုလ်မှူးကြီး မျိုးချစ်က အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း တပ်နယ်အလိုက်တပ်ရင်း တပ်ဖွဲ့များတွင် ဇီဝလောင်စာဆီထုတ်လုပ်ရန် ကြက်ဆူပင် ဧက ၁၅၀၀၀စိုက်ပျိုးဆောင်ရွက်နေမှု၊ တိုင်းစစ်ဌာနချုပ်၏ ကြက်ဆူပင်စံပြမျိုးသန့် ဧက ၁၀၀ စိုက်ခင်းတွင် ဧက၅၀စိုက်ပျိုးပြီးစီးမှုနှင့် လိုအပ်သော ကြက်ဆူပင်မျိုးကိုင်းနှင့် မျိုးစေ့များစုဆောင်းထားရှိမှုအခြေအနေများကို ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ကြက်ဆူပင် စိုက်ပျိုးနည်းပညာပေး ခင်းကျင်းပြသထားသော ကြက်ဆူစေ့၊ ကြက်ဆူဆီ၊ ကြက်ဆူပျိုးပင်နမူနာများနှင့် ကြက်ဆူဆီမီးခွက်များကို လှည့်လည်ကြည့်ရှုလေ့လာကြပြီးနောက် ကြက်ဆူပင် ပျိုးဥယျာဉ်၌ ပျိုးထုပ်များအတွင်း ကြက်ဆူမျိုးစေ့များကို တပျော်တပါး မျိုးစေ့ချ ပျိုးထောင်ပေးကြသည်။

စိုက်ပျိုးရန်ဝေငှပေး

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့ဝင်များသည် စိုက်ခင်းအတွင်း ကြက်ဆူပင်စုပေါင်းစိုက်ပျိုးမည့်နေရာသို့သွားရောက်ကြပြီး တက်ရောက်လာကြသူများအား ကြက်ဆူမျိုးကိုင်းပင်များအား စိုက်ပျိုးရန် ဝေငှပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့ဝင်များသည် ခြံစည်းရိုး ကြက်ဆူမျိုးကိုင်းပင်များကို ကိုယ်တိုင်ပါဝင်စိုက်ပျိုးပေးကြပြီး စစ်သည်မိသားစုဝင်များ၏ ကြက်ဆူပင် ၃၆၀၀၀အား တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ်စခန်းရုံးမိသားစုများ၏ နှစ်ရှည်နှစ်တို စံပြဧက ၁၀၀စိုက်ခင်းသို့ ရောက်ရှိရာ စိုက်ခင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးမျိုးချစ်က စံပြဧက ၁၀၀ စိုက်ခင်းအတွင်း နှစ်ရှည်ပျားလိမ္မော်၁၈၁၂ပင်၊ ပိန္နဲ ၄၂၀၊ လိုက်ချီးအပင် ၁၀၀၀၊တည်ပင်၂၀၀၊ သီးညှပ်နှစ်တိုနာနတ်ပင်တစ်သိန်းစိုက်ပျိုးထားရှိမှုနှင့် စံပြမျိုးသန့်ဇုန်အဖြစ်ဆောင်ရွက်နေမှု အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့ဝင်များသည် နှစ်ရှည် ပျားလိမ္မော်ပင်များနှင့် နှစ်ရှည်ပင်များအကြား သီးညှပ်နှစ်တို နာနတ်ပင်တစ်သိန်းစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှု၊

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

တရုတ်နိုင်ငံအရှေ့ပိုင်း ဟန်ကျိုးမြို့တွင် ကျင်းပသည့် တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှုပွဲတော်၌ ပါဝင်ဆင်နွှဲနေသော လှပျိုဖြူများကို ဇန်နဝါရီ ၁၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်နယ်စပ်၌ အမေရိကန်သူလျှိုလေယာဉ်တိုက်ခိုက်မှု ထောင်ပေါင်းများစွာသော ပြည်သူများက ကန့်ကွက်ဆန္ဒပြ

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၈

ပါကစ္စတန်နယ်စပ်တွင် မကြာမီက အမေရိကန်သူလျှိုလေယာဉ်လေကြောင်းမှ တိုက်ခိုက်ခဲ့သည့်ဖြစ်ရပ်ကြောင့် ဒေသခံ ပြည်သူ ၁၈ဦးသေဆုံးရသည့်အတွက် ပြစ်တင်ရှုတ်ချလိုက်ပြီး ထောင်ပေါင်းများစွာသော ပါကစ္စတန်ပြည်သူများက ဇန်နဝါရီ ၁၅ရက်က ကရာချိမြို့၌ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြခဲ့ကြသည်။

ပါကစ္စတန်နယ်စပ်ရှိ ဘာဂျာအရပ်တွင် နေအိမ်သုံးလုံးပေါ်သို့ အမေရိကန် သူလျှိုလေယာဉ်က ဇန်နဝါရီ ၁၄ရက် နံနက်က တိုက်ခိုက်ခဲ့မှုကို ပါကစ္စတန် တစ်နိုင်ငံလုံးက ဆန့်ကျင်သည့် အစိတ်အပိုင်းအဖြစ် မူတာဟီဒါ မာလစ်အီးအမယ်လ် (အမ်အမ်အေ) အဖွဲ့က ကြီးမှူးဆန္ဒပြခြင်းဖြစ်သည်။

တောင်းဆို

ပါကစ္စတန်အစိုးရ၏ မိတ်ဖက် မူတာဟီဒါကွာမီ လှုပ်ရှားမှုအဖွဲ့ (အမ်ကျူအမ်)မှလည်း ဆန္ဒပြမှုကို ထောက်ခံအားပေးခဲ့သည်။ ပါကစ္စတန်ဝန်ကြီးချုပ် ရှော့ကတ်အဇစ်အနေဖြင့် အမေရိကန်နိုင်ငံသို့ အလည်အပတ်သွားရောက်မည့် ခရီးစဉ်ပယ်ဖျက်ရန်လည်း ဆန္ဒပြသူများက တောင်းဆိုခဲ့ကြသည်။

ပါကစ္စတန်ဝန်ကြီးချုပ် အဇစ်သည် အမေရိကန်ပြည်ထောင်စုသို့ ဇန်နဝါရီ၁၇ရက်တွင် သီတင်းတစ်ပတ်ကြာ အလည်အပတ်ခရီးသွားရောက်ရန် စီစဉ်ထားရာ ယင်းခရီးစဉ်အတွင်း အမေရိကန်သမ္မတဘုရှ်နှင့်လည်း တွေ့ဆုံဆွေးနွေးရန် အစီအစဉ်ရှိသည်။

ထို့အတူအမေရိကန်သမ္မတဟောင်း ဂျော့ဘုရှ်အနေဖြင့် ပါကစ္စတန်နိုင်ငံသို့ အလည်အပတ်လာရောက်ရေး ခရီးစဉ်ကို ပါကစ္စတန် အစိုးရက ရပ်ဆိုင်းရန်လည်း ဆန္ဒပြသူများက တောင်းဆိုခဲ့သည်။ အမေရိကန်သမ္မတဟောင်း ဂျော့ဘုရှ်သည် ပါကစ္စတန်နိုင်ငံသို့ သုံးရက်အလည်အပတ်ခရီး လာရောက်ရန် ရှိနေသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်ပြောက်ကျားများ ဗုံးခွဲတိုက်ခိုက် အီရတ်အရာရှိကြီးတစ်ဦး ဒဏ်ရာရရှိ

တီကရစ် ဇန်နဝါရီ ၁၈

အဆင့်မြင့်အီရတ်စစ်ဘက်အရာရှိတစ်ဦးမှာ အီရတ်နိုင်ငံမြောက်ပိုင်းမှ တနင်္လာနေ့က ဗုံးခွဲလုပ်ကြံမှုတွင် အသက်ဘေးမှ သီသီကလေးလွတ်မြောက်သွားကြောင်း တီကရစ်မြို့ရှိ အီရတ်-အမေရိကန်ဆက်သွယ်ရေးရုံး သတင်းရပ်ကွက်က ဆင်ဟွာသို့ ပြောကြားသည်။

တီကရစ်မြို့ အခြေစိုက် အီရတ်အမှတ်(၄) တပ်မမှ ဗိုလ်မှူးချုပ် အဗ္ဗဒူကာဒါ စီးနင်းလိုက်ပါသည့် မော်တော်ယာဉ်တန်းကို တနင်္လာနေ့ နံနက် ၁၀နာရီခန့်က တော့ခ်ိမာတိုမြို့ အနောက်ဘက်တွင် သူပုန်တို့က ဗုံးခွဲတိုက်ခိုက်ကြောင်း အဆိုပါသတင်းရပ်ကွက်က ပြောကြားသည်။

တိုက်ခိုက်

ဗိုလ်မှူးချုပ်အဗ္ဗဒူဘာဒါမှာ အနည်းငယ် ဒဏ်ရာ ရသွားပြီး သက်တော်စောင့် သုံးဦးမှာ ပြင်းထန်စွာ ဒဏ်ရာရသွားသည်။ ထို့အပြင် ၎င်းတို့ စီးနင်းလိုက်ပါသည့် ကားမှာမူ ပျက်စီးသွားကြောင်း၊ တိုက်ခိုက်မှုမှာ ဘဂ္ဂဒက်မြို့တော် မြောက်ဘက် ကီလိုမီတာ ၂၀၀ခန့်အကွာ တော့ခ်ိ မာတိုမြို့ အနီးတွင် ဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ပြောက်ကျားသူပုန်များသည် အမေရိကန် ထောက်ခံသည့် အီရတ်အစိုးရ အုပ်ချုပ်မှုပျက်ပြားအောင် ကြိုးပမ်းသည့်အနေဖြင့် အီရတ်အစိုးရဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို မကြာခဏ တိုက်ခိုက်လျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နှင့်စီးပွားရေးဆက်ဆံမှုတိုးတက်ခြင်းကို ကျူးဘားသမ္မတ ကတ်စထရိုချီးကျူး

အမေရိကန်ပိတ်ပင်မှု ဝေဖန်ပြစ်တင်

ဟာဗားနား ဇန်နဝါရီ ၁၈

ကျူးဘားနှင့်တရုတ်နှစ်နိုင်ငံတို့၏ စီးပွားရေးဆက်ဆံမှုတိုးမြင့်လာခြင်းက အနှစ် ၄၀ကြာ ကျူးဘားနိုင်ငံအပေါ် အမေရိကန်ကုန်သွယ်ရေး ပိတ်ပင်မှုဒဏ်ကို လျော့ပါးသွားအောင် အထောက်အကူဖြစ်စေကြောင်းဖြင့် ကျူးဘားသမ္မတ ဖီဒယ်ကတ်စထရိုက ပြောကြားလိုက်သည်။

အသံလွှင့်

အမေရိကန်တို့အနေဖြင့် ယင်းတို့၏ အသွင်ကူးပြောင်းရေးအစီအစဉ်များကို မေ့ပျောက်ပစ်ကြဖို့ မိမိတို့က ပြောဆိုရန်သာရှိကြောင်း၊ အနှစ်မရှိသည့် အကြံကို ခေါင်းထဲမှထုတ်ပစ်ရန် ပြောလိုကြောင်းဖြင့် စနေနေ့က ပြောကြားသည့် သမ္မတကတ်စထရို၏ မိန့်ခွန်းကို တနင်္လာနေ့က အသံလွှင့်ထုတ်ပြန်လိုက်သည်။

ဖော်ပြ

စီးပွားရေးပိတ်ပင်ခြင်းဖြင့် ကျူးဘားနိုင်ငံ၏ အရင်းရှင်စနစ်သို့ အသွင်ကူးပြောင်းမှု မြန်ဆန်ရေး အမေရိကန်တို့၏ ကြိုးပမ်းမှုကို ကျူးဘားသမ္မတ ကတ်စထရိုက ရည်ညွှန်းကာ အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။ အမေရိကန်က ကျူးဘားအား ပိတ်ပင်သည့်ကြားမှပင် ကျူးဘား စီးပွားရေးမှာ နာလန်ထူသည့်လက္ခဏာများ ပြသနေကြောင်း စသည်ဖြင့် ဖော်ပြထားသည်။ **အမ်အင်အေ၊ရိုက်တာ**

တရုတ်လူမျိုး ၃၁သန်းကျော် ယမန်နှစ်က ပင်လယ်ရပ်ခြားသို့ ခရီးသွားရောက်ခဲ့ကြ

ပေကျင်း ဇန်နဝါရီ ၁၈

တရုတ်ပြည်မကြီးတွင် နေထိုင်သူ ၃၁ ဒသမ ဝ၃ သန်းသည် ၂၀၀၅ခုနှစ်တွင် ပင်လယ်ရပ်ခြားသို့ သွားရောက်ခဲ့ကြောင်း၊ ယခင်နှစ်ကထက် ၇ ဒသမ ၅၃ ရာခိုင်နှုန်း တိုးတက်လာကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လူဝင်လူထွက်ကြီးကြပ်ရေးဌာန၏ ကြေညာချက်စာရင်း၌ ဇန်နဝါရီ၁၆ ရက်က ဖော်ပြသည်။

ပြောကြား

ယင်းတို့အနက်မှ ၁၉ ဒသမ ၃၂ရာခိုင်နှုန်းမှာ ပင်လယ်ရပ်ခြားသို့ ရှုမျှော်ခင်းများကြည့်ရန် သွားရောက်ခြင်း၊ ၁၈ ဒသမ ၇၄ ရာခိုင်နှုန်းမှာ အလည်အပတ်သွားရောက်ခြင်း၊ ၁၄ ဒသမ ၃၁ ရာခိုင်နှုန်းမှာ စီးပွားရေးအရ သွားရောက်ခြင်းဖြစ်ကြောင်း အဆိုပါဌာန၏ညွှန်ကြားရေးမှူး ကွိုင်ဇီကွမ်းက ပြောကြားသည်။

သွားရောက်

တရုတ်ခရီးသွားများ သွားရောက်သည့်ဒေသများမှာ ဟောင်ကောင်၊ မကာအို၊ ဂျပန်၊ ဗီယက်နမ်၊ တောင်ကိုရီးယား၊ ထိုင်း၊ ရုရှား၊ အမေရိကန်၊ စင်ကာပူနှင့် မလေးရှားတို့သည် ထိပ်တန်းစာရင်းဝင် နိုင်ငံများဖြစ်ကြောင်း ကွိုင်က ပြောကြားသည်။

လာရောက်

ထိုအတောအတွင်း နိုင်ငံပေါင်း ၂၃၄ နိုင်ငံနှင့် ဒေသတို့မှ ခရီးသွား ၂၀ ဒသမ ၂၅သန်း ၂၀၀၅ခုနှစ်က တရုတ်ပြည်မကြီးသို့ လာရောက်ခဲ့ကြကြောင်း၊ ယခင်နှစ်ကထက် ၁၉ ဒသမ ၅၂ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အာဖဂန်တောင်ပိုင်း၌ ဗုံးခွဲတိုက်ခိုက် ၂၅ ဦးသေဆုံး၊ ၃၇ဦးဒဏ်ရာရရှိ

ကင်ဒါဟာ ဇန်နဝါရီ ၁၈

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကင်ဒါဟာမြို့လယ်တွင် ဇန်နဝါရီ ၁၅ရက်က ကနေဒါစစ်ဘက်ကင်းလှည့်ယာဉ်ကို တာလီဘန်တို့က ဗုံးခွဲတိုက်ခိုက်သဖြင့် ၂၅ဦးသေဆုံးပြီး ၃၈ဦး ဒဏ်ရာရရှိကြောင်း အရာရှိများက ပြောကြားသည်။

ကင်းလှည့်သံချပ်ကာယာဉ်ကို ဗုံးခွဲတိုက်ခိုက်ရာတွင် တပ်ဖွဲ့ဝင်သုံးဦးလည်း ဒဏ်ရာရရှိသွားကြောင်း ကနေဒါအရာရှိများက ပြောကြားသည်။

အဆိုပါ ကင်းလှည့်ယာဉ်သည် စခန်းသို့အသွား အဓိကလမ်းပေါ်ရှိ လူစည်ကားရာယာဉ်နားစခန်းအရှေ့တွင် ယင်းသို့ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မီယာဒူးမက်စ်က ပြောကြားသည်။

အသက် (၅၉)နှစ်ရှိ အဆိုပါ သံတမန် ဂလီယန်ဘာရီသည် လွန်ခဲ့သည့် ဩဂုတ်လတွင် အာဖဂန်နစ္စတန်သို့ နိုင်ငံခြားရေးအရာရှိအဖြစ်ခန့်အပ်ခြင်းခံရသူဖြစ်ကြောင်း ဒူးမက်စ်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ကူဝိတ်စော်ဘွားအဖြစ် အိမ်ရှေ့မင်းသားအားခန့်အပ်

ကူဝိတ်စီးတီး ဇန်နဝါရီ ၁၈

မကြာမီက ကွယ်လွန်သွားသည့် ကူဝိတ်စော်ဘွား၏ အရိုက်အရာကို ကူဝိတ် အိမ်ရှေ့မင်းသား ရှိတ်ဆဒ်အယ်လ်အဗ္ဗဒူလာအယ်လ်ဆာဗားအား ရေနံပေါကြွယ်ဝသည့် ကူဝိတ်နိုင်ငံ၏ စော်ဘွားအသစ်အဖြစ် ကူဝိတ်အစိုးရအဖွဲ့က ဇန်နဝါရီ ၁၅ရက်က တင်မြှောက်လိုက်ကြောင်း ကြေညာသည်။

ကြေညာ

ကူဝိတ်အစိုးရအဖွဲ့၏ အရေးပေါ်အစည်းအဝေးတစ်ရပ် ခေါ်ယူဆွေးနွေးပြီးနောက် ယခုကဲ့သို့ အိမ်ရှေ့မင်းသားအား ကူဝိတ်နိုင်ငံ၏ စော်ဘွားအသစ်အဖြစ် ခန့်အပ်ကြောင်း ကူဝိတ်နိုင်ငံ ပြန်ကြားရေးဝန်ကြီး အင်အက်စ်အယ်ရာဆစ်က ကြေညာလိုက်ခြင်းဖြစ်သည်။

အပ်နှင်း

ကူဝိတ်စော်ဘွားများအရိုက်အရာ ဆက်ခံရေးဆိုင်ရာ ၁၉၆၄ခုနှစ် ဥပဒေ အပိုဒ်ခွဲ(၄)အရ ယခုကဲ့သို့ အိမ်ရှေ့မင်းသားအား စော်ဘွားအရိုက်အရာကို အပ်နှင်းလိုက်ခြင်းဖြစ်ကြောင်း အစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။

ကူဝိတ်စော်ဘွား ရှိတ်ဂျဗား အယ်လ်အာမက်အယ်လ်ဆာဗားသည် ဇန်နဝါရီ ၁၅ရက် တနင်္ဂနွေနေ့က ကွယ်လွန်အနိစ္စ ရောက်ခဲ့သည်။ စော်ဘွားအာမက်အယ်လ်ဂျာဘာအယ်ဆာဘတ်သည် ၁၉၇၇ ခုနှစ် နိုဝင်ဘာ ၃၁ရက်မှစတင်ကာ ၁၃ဆက်မြောက် ကူဝိတ်နိုင်ငံ၏ စော်ဘွားအဖြစ် အုပ်ချုပ်လာခဲ့သူတစ်ဦး ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် ကားဗုံးဖောက်ခွဲတိုက်ခိုက်ခံရမှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို ဇန်နဝါရီ ၁၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံဆရာဝန်အသင်း၏ (၅၂)ကြိမ်မြောက် ဆရာဝန်ညီလာခံဖွင့်ပွဲ အထိမ်းအမှတ်ဖွင့်လှစ်သည့် ဆေးနှင့်ဆေးပစ္စည်းပြခန်းများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

■ ကျောဖုံးမှ

လွန်စွာတန်ဖိုးကြီးမား

အခမ်းအနားတွင် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုညီလာခံကြီးသည် နှစ်စဉ်နှစ်တိုင်း မြန်မာနိုင်ငံအတွင်းရှိ ဆရာဝန်များအားလုံးကို ကိုယ်စားပြုတွေ့ဆုံပြီး ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းတိုင်ပင်ဆွေးနွေးကြသည့် ညီလာခံကြီးဖြစ်သည့်အတွက် လွန်စွာတန်ဖိုးကြီးမားသည့် တွေ့ဆုံပွဲကြီးတစ်ခုဖြစ်သည်ဟု ဦးစွာပထမ ပြောကြားလိုပါကြောင်း။

နိုင်ငံတော်အစိုးရသည် မိမိတို့ နိုင်ငံကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ကြိုးပမ်းတည်ဆောက်ရာမှာ ဦးတည်ချက်(၁၂)ရပ်ချမှတ်ပြီး တည်ဆောက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ လူမှုရေးဦးတည်ချက်(၄)ရပ်တွင် ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားရေးဆိုသည့် အချက်သည် နိုင်ငံသစ်ကို တည်ဆောက်ရာတွင် မရှိမဖြစ် လိုအပ်သည့် အချက်ဖြစ်ကြောင်း၊ ပြည်သူများကျန်းမာပြီး ရောဂါဘယ ကင်းဝေးရန်နှင့် သက်တမ်းစေ့နေနိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြို့ပြနှင့် ကျေးလက်ကွာဟမှုအနည်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း။

မျက်ခြည်မပြတ်

ကျန်းမာရေးကဏ္ဍအနေဖြင့် ၁၉၈၈ခုနှစ်က တစ်နိုင်ငံလုံးတွင် ဆေးရုံပေါင်း၆၃၁ရုံသာရှိခဲ့ရာ ယခုအခါတွင် ဆေးရုံပေါင်း၈၂၆ရုံအထိ ရှိလာပြီဖြစ်ကြောင်း၊ ကျေးလက်ကျန်းမာရေးကို ဦးစားပေး ဆောင်ရွက်ပေးခဲ့ရာတွင် ယနေ့အထိ ကျေးလက်ကျန်းမာရေးဌာန ၁၄၅၂ခုကို နယ်စပ်ဒေသများမှာပါ ဖြန့်ကြက်ဖွင့်လှစ်ထားပြီး ဖြစ်ကြောင်း၊ ဆေးရုံအသစ်များ တိုးပွားလာသလို ရှိပြီးသားဆေးရုံများကိုလည်း အဆင့်မြှင့်တင်ပေးခြင်း၊ ခေတ်မီ ဆေးကုသကိရိယာများတပ်ဆင်ပေးခြင်း၊ အထူးကုဆရာဝန်ကြီးများ ခန့်ထားပေးခြင်းတို့ကို မျက်ခြည်မပြတ် စီမံဆောင်ရွက်ပေးလျက် ရှိကြောင်း။

ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၉၈၈ခုနှစ်က ဆေးပညာ ဖြန့်ဖြူးသင်ကြားပေးသည့် တက္ကသိုလ်လေးခုသာရှိခဲ့ရာမှ ယခုအခါ ၁၄ခု အထိ ရှိလာပြီဖြစ်ကြောင်း၊ အခြေခံဆေးပညာ(M.B.,B.S)သင်တန်းသား ဦးရေကို တိုးမြှင့်သတ်မှတ်လေ့ကျင့်ပေးသကဲ့သို့ အဆင့်မြင့်ဆေးပညာ သင်တန်းများဖြစ်သည့် ဘွဲ့လွန် သင်တန်းများကိုလည်း ပြည်တွင်းမှာပင် လေ့ကျင့်သင်ကြားပေးနေပြီဖြစ်ကြောင်း၊ ဘွဲ့လွန်ဒီပလိုမာ သင်တန်းခြောက်ခု၊ ဆေးပညာမဟာသိပ္ပံသင်တန်း၂၉ခု၊ ဆေးလက်တွေ့ပါရဂူသင်တန်း၃၀နှင့် ဆေးလက်တွေ့အခြေခံပါရဂူ (Ph.D) သင်တန်းခုနစ်ခုတို့မှ အဆင့်မြင့်ဆေးပညာရှင်များကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ မွေးထုတ်ပေးလျက်ရှိနေပြီဖြစ်ကြောင်း။

ခေတ်မီသင်ကြားသင်ယူမှု

ထို့အပြင် ယနေ့အချိန်အခါသည် ခေတ်မီသတင်းအချက်အလက်နည်းပညာ (Information Communication Technology)များ တိုးတက်နေသည်နှင့်အမျှ မိမိတို့၏ဆေးပညာရပ်များနောက်ကျမကျန်စေရအောင် ခေတ်မီသင်ကြားသင်ယူမှုနည်းစနစ်များကို အသုံးပြုသင်ကြားစေခြင်း၊ နိုင်ငံတကာ အတွေ့အကြုံရရှိစေရန် ပြည်ပနိုင်ငံများသို့ သင်တန်းများ၊ ဆွေးနွေးပွဲများ၊ ညီလာခံများ၊ လေ့လာရေးခရီးများကိုလည်း စဉ်ဆက်မပြတ် စေလွှတ်ပေးလျက်ရှိနေကြောင်း၊ နိုင်ငံတကာအဆင့်မီ ပြည်ပဆေးတက္ကသိုလ်များက ပေးနေသည့် MRCP, MRCS, MRCOG, FFA အစရှိသည့် ဘွဲ့လွန်သင်တန်းများကိုလည်း ဖြေဆိုခွင့်ပေးခဲ့ပြီး အရည်အချင်းပြည့်မီသူများကို ပြည်ပသို့စေလွှတ်သင်ကြားစေလျက်ရှိနေကြောင်း။

နိုင်ငံ့ဝန်ထမ်း ဆရာဝန်များအပြင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများကို အနီးကပ်စောင့်ရှောက်မှုပေးနေကြသည့် အထွေထွေရောဂါကု ဆရာဝန်များကိုလည်း စဉ်ဆက်မပြတ် ကျန်းမာရေးပညာ မြှင့်တင်ပေးခြင်း အစီအစဉ်အရ Diploma in Family Medicine သင်တန်းများကိုလည်း နှစ်စဉ်ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း။

နိုင်ငံတော်၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နှစ်၃၀ စီမံကိန်းရေးဆွဲပြီး နှစ်တိုစီမံကိန်းများဖြင့် အပိုင်းလိုက်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများကြောင့် ယခုအခါတွင် ကျောက်ရောဂါ၊ ပိုလီယိုအကြောသေရောဂါနှင့် အနာကြီးရောဂါများကင်းစင်သွားခဲ့ပြီး များမကြာမီ ကာလများမှာ အိုင်အိုဒင်းချို့တဲ့မှုလည်း ကင်းစင်လာတော့မည်ဖြစ်ကြောင်း။

ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်

ဆေးကုသဝန်ဆောင်မှုအပိုင်းအနေဖြင့် အသည်းအစားထိုးကုသခြင်း၊ ကျောက်ကပ်အစားထိုး ကုသခြင်း၊ နှလုံးသွေးကြောခွဲစိတ်ကုသခြင်း၊ ရင်ချင်းဆက်အမြွှာ ခွဲစိတ်ကုသခြင်း၊ အရိုးနှင့် ထိခိုက်ဒဏ်ရာများ ပြန်ဆက် ခွဲစိတ်အစားထိုးကုသခြင်း စသည့် အောင်မြင်မှုများသည် မြန်မာ့ဆေးပညာလောကတွင် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်သည့် သမိုင်းမှတ်တိုင်များအဖြစ် စိုက်ထူထားနိုင်ခဲ့သည့် သာဓကများပင် ဖြစ်ကြောင်းကို ဂုဏ်ယူဝမ်းမြောက်စွာ ပြောကြားလိုကြောင်း။

ထိုသို့ ထူးချွန်စွာ စွမ်းဆောင်နိုင်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းများအား နိုင်ငံတော်က အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်ထူးဆောင် တံဆိပ်များ ထိုက်ထိုက်တန်တန် နှစ်စဉ် ချီးမြှင့်လျက်ရှိကြောင်း၊ သို့သော်လည်း ယင်းအောင်မြင်မှုများနှင့် ကျေနပ်နှစ်သိမ့်မနေဘဲ သည်ထက်မက အောင်မြင်မှုများ တိုးတက်ရရှိအောင် မိမိတို့၏ ဆေးပညာ အဆင့်အတန်းကို အရှေ့တောင်အာရှနိုင်ငံများသာမက တခြားသော ကမ္ဘာ့နိုင်ငံများကပါ လေးစား အသိအမှတ်ပြုလာရအောင် ဆက်လက်ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း။

အောင်မြင်စွာဆောင်ရွက်နိုင်

ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ကုသရေးအပိုင်းသာမက ကျန်းမာရေး အသိပညာပေးရေးနှင့် ရောဂါကာကွယ်ရေးလုပ်ငန်းများကို ပိုမိုအလေးအထားပြီး ပြည်သူလူထုအတွင်း၌ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရန် အထူးလိုအပ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းစသည့် လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး အောက်ခြေ ကျေးလက်အထိ ကွင်းဆင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ပံ့ပိုးကူညီမှုများဖြင့် နေရာ ဒေသအတော်များများတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများနှင့် မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသပေးသည့်လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံဆရာဝန်အသင်းကြီးသည် ၁၉၄၉ခုနှစ်ကတည်းက စနစ်တကျဖွဲ့စည်း ပေါ်ပေါက်လာသည့် အသင်းကြီးဖြစ်ကြောင်း၊ ဆေးပညာရှင်များကိုယ်စားပြုသည့် တစ်ခုတည်းသော အဖွဲ့အစည်းကြီးဖြစ်ပြီး သက်တမ်းအရရော ဂုဏ်သိက္ခာအရပါ လေးစားအားထားဖွယ်ရာကောင်းသည့် စံနမူနာပြပြည်သူ့အကျိုးပြု အသင်းကြီးဖြစ်ကြောင်း တွေ့ရှိရကြောင်း၊ နိုင်ငံတော်က ဤအသင်းကြီးအား အသိအမှတ်ပြု အားပေးနေသကဲ့သို့ အသင်းသူအသင်းသား ဆရာဝန်ကြီးများအနေဖြင့်လည်း ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများသာမက ဆေးပညာတိုးတက်ပြန့်ပွားရေးအတွက် သုတေသနလုပ်ငန်းများကိုလည်း တစိုက်မတ်မတ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဆေးဝါးအသစ်များ၊ ကုထုံးအသစ်များနှင့် ခေတ်မီဆေးကုသကိရိယာများကို တီထွင်ကြံဆကြပြီး ကိုယ့်တိုင်းပြည်အတွင်း၌ပင် ငွေကုန်ကြေးကျသက်သာစွာ ရောဂါအမျိုးမျိုးအား ကုသပေးနိုင်သည့်အဆင့်သို့ ရောက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ဝိုင်းဝန်းစောင့်ထိန်း

လုပ်ငန်းများဆောင်ရွက်ကြရာတွင် ကိုယ်ကျင့်တရားကောင်းမွန်ပြီး အတ္တနှင့်ပရ မျှတစွာဖြင့် ပြည်သူလေးစားအားထားရသည့် ပြည်သူ့ ဆရာဝန်များအဖြစ် ဂုဏ်သိက္ခာရှိရှိဖြင့် ရပ်တည်သွားနိုင်အောင် အသင်းသူ အသင်းသားအားလုံး ဝိုင်းဝန်းစောင့်ထိန်းကြရန်လိုအပ်ကြောင်း၊ မိမိတို့ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အသိပညာရှင်၊ အတတ်ပညာရှင်များ များစွာလိုအပ်ပါကြောင်း၊ အသိပညာရှင် အတတ်ပညာရှင်များအနေဖြင့်လည်း ကိုယ့်တိုင်းပြည်ကို ကြီးပွားတိုးတက်လိုသည့် တိုင်းချစ်ပြည်ချစ်စိတ်နှင့် ကိုယ့်တိုင်းပြည်အတွက်ကျရာအခန်းကဏ္ဍက အနစ်နာခံဆောင်ရွက်လိုသည့် စိတ်မျိုးရှိရန် အထူးလိုအပ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ မြန်မာနိုင်ငံ ဆရာဝန်အသင်းကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲအောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြပါ၊ နိုင်ငံတော်တည်ဆောက်ရေးအတွက် အထူးလိုအပ်နေသော ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းလာအောင် မိမိတို့ကျန်းမာရေးကဏ္ဍက အစွမ်းကုန်မြှင့်တင်ပေးကြပါ၊ ဂုဏ်သိက္ခာရှိသော၊ ပြည်သူလေးစားအားထားသည့် ပြည်သူ့ဆရာဝန်ကြီးများဖြစ်အောင် ကြိုးစားကြပြီး မိမိတို့အသင်းကြီး၏ ဂုဏ်ကိုမြှင့်တင်သွားကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် မြန်မာနိုင်ငံဆရာဝန်အသင်း၏ (၅၂)ကြိမ်မြောက် ဆရာဝန်ညီလာခံဖွင့်ပွဲအထိမ်းအမှတ် ဆေးနှင့် ဆေးပစ္စည်းပြခန်းဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က ပြခန်းကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဆေးနှင့်ဆေးပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ မြန်မာနိုင်ငံဆရာဝန်အသင်း၏ (၅၂)ကြိမ်မြောက် ဆရာဝန်ညီလာခံနှင့် ဆေးနှင့်ဆေးပစ္စည်းပြပွဲများကို ယနေ့မှ ဇန်နဝါရီ ၂၄ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

MRTV-4

ရုပ်မြင်သံကြားအစီအစဉ်

၁၉-၁-၂၀၀၆ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ငရုတ်ကောင်းသီးနှံပျိုးထောင်စိုက်ပျိုးနည်း
၇း၂၀	ပြည်တွင်းသတင်းအကျဉ်း
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	ဝါသနာရှင်စင်မြင့် (ထူးအယ်လင်း၊ မီးမီးခဲ)
၈း၁၀	လေးဖက်နာနှင့် နှလုံးရောဂါအကြောင်းဟောပြောချက် (အပိုင်း-၂)
၈း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	Art & Technology Talk (ဦးမျိုးမြတ်သူ၊ ဒေါ်ခင်လှဌေး၊ ဒေါ်ခင်သန်းဝင်း)
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	ဖြူးချောင်းတံတား
၉း၁၀	မိုးလေဝသခန့်မှန်းချက်
၉း၁၅	StarAlbum(Examplez)
၉း၅၅	ပေါင်းစုအင်အားအခြေခံ သမဝါယမအားမာန်
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်) ဆွေးနွေးခန်း
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၀	ကျန်းမာရေးအတွက် သန့်(၄)သန့်
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	သီးနှံရောဂါများကို ထိရောက်စွာ ကာကွယ်နှိမ်နင်းနည်းများ
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	ယူရီးယားဓာတ်မြေဩဇာ ထုတ်လုပ်မှုကဏ္ဍ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဇန်နဝါရီ ၁၅ရက်က ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကြက်ဆူပင်စံပြမျိုးသန့်ဧက၁၀၀စိုက်ခင်းအတွင်း အမျိုးသားညီလာခံကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ကြက်ဆူပင်ဧက ၃၀ စုပေါင်းစိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူမျိုးကိုင်းပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်း-၃) (သတင်းစဉ်)

အနာဂတ်နိုင်ငံတော်အတွက် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်ရရှိရေး အမျိုးသားညီလာခံကြီးကျင်းပပြီး တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ ဆောင်ရွက်လျက်ရှိ

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ဆေးရုံအုပ်ကြီး ဒေါက်တာစိုင်းခင်မောင်ဝါ အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

❒ *ကျောဖုံးမှ*

အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့မှ အဖွဲ့ဝင်များ၊ လူမှုရေး၊ စီးပွားရေး အသင်းအဖွဲ့ဝင်များ၊ သူနာပြုသင်တန်းသူများ၊ လားရှိုးမြို့ပေါ်ရှိ ရပ်ကွက်များနှင့် ကျေးရွာများမှ

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစံပူး အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း အဆိုကို ဖတ်ကြားတင်သွင်းစဉ်။
(သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးမျိုးဝင်း (အငြိမ်းစား) အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့မှ အထက်တန်းရှေ့နေ ဦးသောင်းလွင် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့မှ တိရစ္ဆာန်ဆေးကု ဆရာဝန် ဦးစိုင်းထွန်းအောင် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

ဒေသခံတိုင်းရင်းသားပြည်သူများ၊ ရပ်မိရပ်ဖများသည် ဒုဋ္ဌာဝတီစစ်ကြောင်း၊ သံလွင်စစ်ကြောင်း၊ ရွှေလီစစ်ကြောင်းတို့ဖြင့် တစ်ခဲနက် တက်ရောက်ကြသည်။

သဘာပတိ

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ဆေးရုံအုပ်ကြီး ဒေါက်တာစိုင်းခင်မောင်ဝါက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် လားရှိုးမြို့ အမှတ်(၁)ရပ်ကွက်မှ အငြိမ်းစား အထက်တန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စဝ်တင်မြ၊ လားရှိုးမြို့ အမှတ်(၅)ရပ်ကွက်မှ ဆရာဝန် ဒေါက်တာခင်နန်းသီ၊ လားရှိုးမြို့ အမှတ်(၁)ရပ်ကွက်မှ အငြိမ်းစား အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးညွန့်စိန်၊ ကျောက်မဲမြို့မှ ပလောင်တိုင်းရင်းသား ဦးကျော်ရင်၊ လားရှိုးမြို့ အမှတ်(၁)ရပ်ကွက်မှ မြို့မိမြို့ဖ ဒူးဝါးဇော်အောင်နှင့် လားရှိုးမြို့ အမှတ်(၁)ရပ်ကွက်မှ မြို့မိမြို့ဖ ဦးလုပ်ယွန်းတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွတ်ခိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်နန်းမဥ္ဇူက ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် လားရှိုးမြို့ အမှတ်(၁၂) ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်နန်းဝင်းနန္ဒာထွန်းက ဆောင်ရွက်ပြီးအခမ်းအနားမှူးကလူထုအစည်းအဝေးစတင်ကြောင်းကြေညာသည်။

နိုင်ငံတော်အလံအလေးပြု

ရှေးဦးစွာ လူထုအစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက နိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် သဘာပတိ ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်နယ်ဆေးရုံအုပ်ကြီး ဒေါက်တာစိုင်းခင်မောင်ဝါက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံမှာ တပ်မတော်အစိုးရသည် ၁၉၈၈ခုနှစ်က ဖြစ်ပေါ်ခဲ့သည့် ဆူပူမှု အရေးအခင်းကြောင့် ပြည်သူတစ်ရပ်လုံး လုံခြုံရေးကင်းမဲ့ပြီး အထိတ်တလန့်ဖြစ်ခဲ့ရသည့်ကာလမှာ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် သမိုင်းပေးတာဝန်အရ မလွှဲမရှောင်သာ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူ ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းကာလမှ ယနေ့ကာလအထိ အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံက အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့အချိန်အခါတွင် တပ်မတော်အစိုးရ၏ ဆောင်ရွက်ချက်များကြောင့် နယ်မြေအေးချမ်း သာယာတည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှုအပြင် နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်ကို ကောင်းစွာရောက်ရှိနေပြီးဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ကျော် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နှစ်ပေါင်းထောင်ချီပြီး တည်ဆောက်လာခဲ့သည့် နိုင်ငံတော်ကြီးကို တစည်းတလုံးတည်းဖြင့် ကမ္ဘာ့အလယ်တွင် ကမ္ဘာတည်သရွေ့ ဆက်လက်တည်ရှိစေရန်အတွက် အမျိုးသားရေးမူဝါဒအဖြစ် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် မူဝါဒလမ်းစဉ်ကို ချမှတ်ထားကြောင်း၊ ယင်းအမျိုးသားရေး မူဝါဒကို ခိုင်ခိုင်မာမာဆုပ်ကိုင်ပြီး နိုင်ငံသားအားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ရောက်ရှိအောင် နိုင်ငံရေးဦးတည်ချက် (၄)ရပ်၊ စီးပွားရေးဦးတည်ချက် (၄)ရပ်၊ လူမှုရေးဦးတည်ချက် (၄)ရပ် ချမှတ်ပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာလည်း အနာဂတ်နိုင်ငံတော်အတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်ရရှိရေးကိုလည်း အမျိုးသားညီလာခံကြီးကျင်းပပြီး တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသားညီလာခံ စတင်ကျင်းပခြင်းမပြုမီ ၁၉၉၂ခုနှစ်ကတည်းက နိုင်ငံတော် အစိုးရအနေဖြင့် တရားဝင်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလနှင့် ပါတီအသီးသီးမှ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲတွင် အရွေးချယ်ခံထားရသူများနှင့် အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပြီး အမျိုးသားညီလာခံကို ဦးတည်ချက်(၆)ရပ်နှင့် ကျင်းပသွားရန် ဆုံးဖြတ်ခဲ့ကြကြောင်း။

အများသဘောတူဆွေးနွေးညှိနှိုင်း

ယင်းအစည်းအဝေးကပင် အမျိုးသားညီလာခံကိုဖိတ်ကြားမည့်လူတန်းစား အလွှာအစုအဖွဲ့များသတ်မှတ်ခြင်း၊ အလွှာအစုအဖွဲ့အလိုက် ဖိတ်ကြားမည့် ဦးရေသတ်မှတ်ခြင်းတို့ကို အများသဘောတူဆွေးနွေးညှိနှိုင်းသတ်မှတ်ခဲ့ကြောင်း။

အမျိုးသားညီလာခံကြီးကို ယင်းကိုယ်စားလှယ်အစုအဖွဲ့များဖြင့် ၁၉၉၃ ခုနှစ်က စတင်ကျင်းပခဲ့ကြောင်း။

အမျိုးသားညီလာခံအစည်းအဝေးများဆက်တိုက်ကျင်းပနေရာက ၁၉၉၅ ခုနှစ်တွင် အချို့အဖွဲ့က အမျိုးသားညီလာခံမှနေပြီး ၎င်းတို့၏သဘောနှင့် ကျောခိုင်းထွက်ခွာသွားခဲ့ကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကျင်းပမှုနှင့် နိုင်ငံရေးဆိုင်ရာတိုးတက်ဖြစ်ပေါ်အောင်ကြိုးပမ်းမှုများမှာ ယာယီအားဖြင့် ရပ်ဆိုင်းသွားခဲ့ရကြောင်း။

သို့သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ဒီမိုကရေစီ နိုင်ငံတော်ဖြစ်ထွန်းရေးဆိုသည့် မျှော်မှန်းချက်ကို မျက်ခြည်ပြတ်မခံဘဲ နိုင်ငံတော်၏ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ကမ္ဘာသိအောင်ကြေညာခဲ့ပြီး ၂၀၀၄ခုနှစ် မေလ၁၇ရက်ကနေ ဇူလိုင်လ၉ရက်နေ့အထိ အမျိုးသားညီလာခံအပိုင်းတစ်ပိုင်းကို ပြန်လည်ကျင်းပခဲ့ကြောင်း၊ ၎င်းညီလာခံကျင်းပခဲ့ရာမှာလည်း နိုင်ငံရေးပါတီ၁၀ခုလုံး တက်ရောက်ရန်ဖိတ်ကြားခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ အမျိုးသားညီလာခံကြီးကို ပါတီအားလုံးနှင့် ကိုယ်စားလှယ်အစုအဖွဲ့အားလုံး စုံစုံညီညီ ပါဝင်တက်ရောက်ညှိနှိုင်းဆောင်ရွက်နိုင်ရေးကို မျှော်မှန်းပြီး ညီလာခံကိုဖိတ်ကြားခဲ့ခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝ

အချို့အဖွဲ့က အမျိုးသားညီလာခံကို ကျောခိုင်းသွားသော်လည်း ကျန်နိုင်ငံရေးပါတီများ၊ အရွေးချယ်ခံကိုယ်စားလှယ်များနှင့် ကိုယ်စားလှယ်အစုအဖွဲ့အားလုံးသည် မိမိတို့အဖွဲ့၊ တစ်ပါတီ၊ လူမျိုးတစ်မျိုး၏အကျိုးကိုရှေ့တန်းမတင်ဘဲ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တိုင်းပြည်လူမျိုးအကျိုးကို ထောက်ထားပြီး ညီလာခံကိုတက်ရောက်ခဲ့ကြကြောင်း၊ ၂၀၀၄ခုနှစ် အမျိုးသားညီလာခံမှာ အစုအဖွဲ့ရှစ်ဖွဲ့မှ ကိုယ်စားလှယ်စုစုပေါင်း၁၀၈၆ဦး တက်ရောက်ခဲ့ကြောင်း။

ထို့အပြင် ၂၀၀၅ ခုနှစ် ညီလာခံတွင် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများကို ဆက်လက်ဆွေးနွေးညှိနှိုင်းခြင်း၊ ကိုယ်စားလှယ်အစုအဖွဲ့အားလုံးက ၎င်းတို့နှင့် ပတ်သက်သည့် သဘောထား၊ အကြံပြုချက်များကို အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ဖတ်ကြားတင်သွင်းနိုင်ခဲ့ကြောင်း။

ယခုကျင်းပနေသော အမျိုးသားညီလာခံတွင် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများကို ဆွေးနွေးညှိနှိုင်းအတည်ပြုခြင်း၊ လွှတ်တော်အချင်းချင်း လုပ်ငန်းဆက်သွယ်ဆောင်ရွက်မှုများအတွက် အသေးစိတ်အခြေခံရမည့်မူများရရှိအောင် ညှိနှိုင်းဆွေးနွေးခြင်း၊ တပ်မတော်အခန်းကဏ္ဍနှင့်ပတ်သက်သော အသေးစိတ် အခြေခံမူများရရှိအောင် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်းတို့ပြုလုပ်ကြမှာဖြစ်ကြောင်း။

လမ်းညွှန်မိန့်ကြား

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"နိုင်ငံတော်၌ မည်သည့်စနစ်ကိုကျင့်သုံးသည်ဖြစ်စေ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် လိုအပ်သည်သာမက ပြည်ထောင်စုသားအားလုံး၏ အကျိုးစီးပွားများကို အစဉ်တစိုက်ဖော်ဆောင်ပေးနိုင်သော ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ရမည်"** ဟု လမ်းညွှန်မိန့်ကြားထားကြောင်း။

အမျိုးသားညီလာခံကြီးမှာလည်း လူတန်းစားအလွှာအသီးသီးက ညီလာခံကိုယ်စားလှယ်များသည် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်ရရှိရေးအတွက် စိတ်ဝင်တစားဖြင့် လွတ်လွတ်လပ်လပ် တက်တက်ကြွကြွ စုံစုံညီညီ ပါဝင်ပြီးညှိနှိုင်းဆွေးနွေးနေကြခြင်း၊ အသေးစိတ်အခြေခံရမည့်မူများကို ဆုံးဖြတ်အတည်ပြုချက်များ ချမှတ်ဆောင်ရွက်နိုင်ကြခြင်းတို့မှာ အင်မတန် အားရဖွယ်ကောင်းကြောင်း၊ နိုင်ငံအတွက် အရေးကြီးသည့်တာဝန်ကို အမျိုးသားရေးတာဝန်အဖြစ် လေးလေးနက်နက်ခံယူပြီး တက်တက်ကြွကြွ ဆောင်ရွက်နေကြသော ညီလာခံကိုယ်စားလှယ်ကြီးများကိုလည်း အလေးအနက်ဂုဏ်ပြုအပ်ကြောင်း။

နိုင်ငံတော်အစိုးရသည် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်ရရှိရေး အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်၏တာဝန်ယူခဲ့သည့်ကာလအတွင်း နိုင်ငံတော်၌ နေရာကဏ္ဍအစုံ ဖွံ့ဖြိုးတိုးတက်ရေးကို နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးကဏ္ဍများ ကျေးလက်ဒေသ၊ နယ်စပ်ဒေသတွေပါမကျန် သိသိသာသာ ဖွံ့ဖြိုးတိုးတက်နေသည်ကို လက်ညှိုးထိုးမလွဲ တွေ့မြင်နေရကြောင်း၊ လယ်ယာ၊ သားငါး၊ သစ်တော၊ စက်မှုလက်မှု၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ်စွမ်းအား၊ ဆောက်လုပ်ရေး၊ ပညာရေး၊ နည်းပညာ၊ ကျန်းမာရေးကဏ္ဍများမှာလည်း ယခင်ကထက် အဆများစွာ တိုးတက်လျက်ရှိကြောင်း။

ပြည်တွင်းရေးဝင်ရောက်စွက်ဖက်

ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်ရေးအတွက် မရှိမဖြစ် ဦးစွာလိုအပ်သော ခိုင်မာသည့် အခြေခံဖွဲ့စည်းပုံဥပဒေ ဖြစ်ပေါ်ရရှိရေး ဆောင်ရွက်နေမှုနှင့် အနာဂတ်နိုင်ငံတော်အတွက် လိုအပ်သည့် ကဏ္ဍအသီးသီးအတွက် အခြေခံအဆောက်အအုံများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို မိမိတိုင်းပြည်၊ လူမျိုးတို့၏ ခွန်အားစွမ်းအားတွေနှင့် ယခင်ထက်အဆပေါင်းများစွာ တိုးတက်အောင် ဆောင်ရွက်နေသော်လည်း **အမျိုးသားညီလာခံ၏တန်ဖိုးနှင့် အနှစ်သာရကို နားမလည်သော ပြည်တွင်းပြည်ပမှ လက်တစ်ဆုပ်စာ နှောင့်ယှက်ဖျက်ဆီးနေသည့် အဖွဲ့အစည်းများနှင့် နိုင်ငံတချို့က တစ်မျိုးပြီးတစ်မျိုး၊ အကြောင်းအရာ တစ်ခုပြီးတစ်ခု ပြောဆိုလျက်ရှိကြောင်း၊ မီဒီယာအမျိုးမျိုးကို အသုံးပြုပြီး ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးစေရန် စီးပွားရေးပိတ်ဆို့မှုပြုလုပ်ခြင်း၊ လူမှုရေးအထောက်အကူပေးမှု ရပ်ဆိုင်းခြင်းများလည်း ကြိုးစားလုပ်နေကြကြောင်း။**

ယင်းတို့မှာ မြန်မာနိုင်ငံဒီမိုကရေစီလမ်းကြောင်းပေါ် အမြန်ရောက်ရှိရေးကို နှောင့်နှေးစေကြောင်း၊ အနှောင့်အယှက်အဟန့်အတားဖြစ်စေကြောင်း၊ နိုင်ငံတော်စီးပွားရေးကျဆင်းပြီး ပြည်သူလူထုဒုက္ခရောက်အောင် လုပ်နေခြင်းများပင် ဖြစ်ကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့

ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်ရရှိရေး အမျိုးသားညီလာခံကြီးတွင် ကိုယ်စားလှယ်များဆွေးနွေးလျက်ရှိ

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါက်တာနန်းစိုးစိုးအောင် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် ဒေါ်သန်းသန်းဦး အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

မည်သို့ပင်နှောင့်ယှက်ဟန့်တားစေကာမူ နိုင်ငံတော်အစိုးရနှင့် ပြည်သူများကမူ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ အမြန်ဆုံးဖြစ်ပေါ်ရရှိအောင် ကြိုးစားမည်ဖြစ်ကြောင်း၊ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို ထိပါးမည့် ကိစ္စမှန်သမျှ ကာကွယ်တွန်းလှန်မှာပင်ဖြစ်ကြောင်း။

အောင်မြင်စွာကျင်းပလျက်ရှိ

နိုင်ငံတော်အစိုးရသည် ပင်မတာဝန်ဖြစ်သည့် နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို ထမ်းဆောင်ရင်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အမျိုးသား ညီလာခံကြီးကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာကျင်းပလျက်ရှိကြောင်း၊ ပြည်သူတို့ လိုလားတောင့်တနေကြသည့် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်ရရှိရေးအတွက်ပင် ဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့ လူထုအစည်းအဝေးကြီးကို တက်ရောက်လာကြသော ပြည်သူလူထုကြီးကတစ်ဆင့် တိုင်းရင်းသား ပြည်သူအားလုံးကို လေးလေးနက်နက် ပြောကြားလိုသည်မှာ မိမိတို့ ယနေ့ကျင်းပနေသည့် အမျိုးသားညီလာခံကြီးကို ယုံကြည်လေးစားကြောင်းနှင့် ဒို့တာဝန်အရေးသုံးပါးကိုလည်း အမျိုးသားရေးမူဝါဒအဖြစ်၊ အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူပြီး ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်ရရှိရေးမှာ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကိုအရင်းခံပြီး စည်းစည်းလုံးလုံး အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် အမျိုးသား ညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆိုကို မူဆယ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ပလောင်တိုင်းရင်းသား ဦးစံပူးက တင်သွင်းရာတွင် ၂၀၀၅ ခုနှစ် အမျိုးသားညီလာခံကို ဒီဇင်ဘာ ၅ရက်ကစတင်ပြီး ပြန်လည်ကျင်းပနေသည်ကို အားလုံးသိရှိကြပြီး ဖြစ်ပါကြောင်း။

အတည်ပြုချမှတ်နိုင်ခဲ့

ယင်းအမျိုးသားညီလာခံကြီးက ကဏ္ဍ ၁၁ရပ်နှင့် အခြားကိစ္စငါးရပ်မှာ ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ အတည်ပြုချမှတ်နိုင်ခဲ့ကြောင်း။

ယင်းအသေးစိတ်အခြေခံရမည့်မူများကိုလည်း အမျိုးသားညီလာခံကို တက်ရောက်ကြသည့် ညီလာခံကိုယ်စားလှယ်ကြီးများ ညှိနှိုင်းတိုင်ပင်ဆွေးနွေးကြပြီးမှ သဘောတူဆုံးဖြတ်ချမှတ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ကျင်းပပြီး ညှိနှိုင်းဆွေးနွေးကြ၊ သဘောတူဆုံးဖြတ်ချက်တွေချမှတ်ကြနှင့် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ရရှိရေးကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ဆောင်ရွက်နေကြခြင်း ဖြစ်ကြောင်း။

ယခုပြုလုပ်နေသည့် အမျိုးသားညီလာခံတွင် လူတန်းစားအလွှာပေါင်းစုံက သတ်မှတ်ထားသော ကိုယ်စားလှယ်များ အစုံအလင်ပါဝင်ပါကြောင်း၊ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အဆင့်ဆင့်သော ခြေလှမ်းများကို တည်တည်ငြိမ်ငြိမ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ဆောင်ရွက်နေကြသည့် ညီလာခံကိုယ်စားလှယ်များကိုလည်း မိမိတို့ပြည်သူများက ဂုဏ်ပြုထိုက်သူများအဖြစ် သတ်မှတ်ဂုဏ်ပြုပါကြောင်း။

၇၀ ရာခိုင်နှုန်းခန့်အောင်မြင်လျက်ရှိ

နိုင်ငံတော်အစိုးရ၊ပြည်သူ၊တပ်မတော်လက်တွဲပြီး နိုင်ငံတော်အတွင်း နေရာကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကို နေ့မအား၊ ညမနား အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် အခြေခံအဆောက်အအုံများမှာ တစ်နှစ်ထက်တစ်နှစ် သိသိသာသာ လက်ညှိုးထိုးမလွဲ တိုးတက်လျက်ရှိကြောင်း၊ နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကိုလည်း တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံတော်သည် ယခင်ကာလများထက်နှိုင်းစာလျှင် တည်ငြိမ်အေးချမ်းမှုများ ပိုမိုရရှိနေပြီး ပြည်သူများမှာ နိုင်ငံတော်အတွင်း လုံခြုံအေးချမ်းစွာနှင့် သွားလာလုပ်ကိုင်စားသောက်ရန် အဆင်ပြေလျက်ရှိကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဆီကို လျှောက်လှမ်းနိုင်ရေးအတွက် **"ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ"** ဖြစ်ပေါ်ရရှိရေးကိုလည်း တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်နေခြင်းကြောင့် အမျိုးသားညီလာခံကျင်းပညှိနှိုင်းဆောင်ရွက်၊ ဆုံးဖြတ်ချက်ချမှတ်၊ အတည်ပြုခြင်းလုပ်ငန်းများသည်လည်း ၇၀ ရာခိုင်နှုန်းခန့် ခရီးပေါက် အောင်မြင်လျက်ရှိနေပြီဖြစ်ကြောင်း။

ယင်းကဲ့သို့ အဘက်ဘက်ကအောင်မြင်မှုများရရှိအောင် ပြည်သူတို့၏စွမ်းအား၊ ပြည်တွင်းစည်းလုံးညီညွတ်မှုအင်အားများဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့ခြင်းကြောင့် ဥပဒေဘောင်အတွင်းဝင်ရောက်လာခဲ့ပြီး ယင်းအဖွဲ့များသည် နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး နယ်မြေဖွံ့ဖြိုးတိုးတက်ရေးများကို ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်နေကြပြီ ဖြစ်ကြောင်း၊ ၎င်းမှာ တပ်မတော်အစိုးရလက်ထက်ကျမှ စည်းလုံးညီညွတ်ရေး တည်ဆောက်နိုင်သည့် ရရှိလာသော ငြိမ်းချမ်းရေးလက္ခဏာများဖြစ်ကြောင်း။

ပြတ်ပြတ်သားသားကာကွယ်တားဆီးတွန်းလှန်

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ထိပါးနှောင့်ယှက်မှုမှန်သမျှ မိမိတို့ပြည်သူများအနေဖြင့် ပြတ်ပြတ်သားသား ကာကွယ်တားဆီးတွန်းလှန်ကြမှာဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ထိပါးနှောင့်ယှက်သည့် အန္တရာယ်များကို အမျိုးသားရေးအသိဖြင့် ထိထိရောက်ရောက် ကာကွယ်ကြရန်တိုက်တွန်းရင်း ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အရင်းခံပြီး ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်ရရှိအောင် ဆောင်ရွက်နေသည့်အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံကြောင်းအဆိုကို အလေးအနက်တင်သွင်းအပ်ပါကြောင်းဖြင့် တင်သွင်းသွားသည်။

အထူးသတိပြု

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဝင် ပညာရေးအဖွဲ့ခေါင်းဆောင် လားရှိုးကွန်ပျူတာ ကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာနန်းစိုးစိုးအောင်က ဆွေးနွေးထောက်ခံတင်ပြရာတွင် မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော် စုပေါင်းပြီး နှစ်ပေါင်းထောင်ချီ၍ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နှင့် အေးအတူပူအမျှ အတူတကွနေထိုင်လျက်ရှိကြကြောင်း၊ ယင်းသို့နေထိုင်ရာမှာ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်သည် အလွန်အရေးကြီးကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ နှစ်ပရိစ္ဆေဒ ရှည်လျားစွာ တစ်မြေတည်းနေ တစ်ရေတည်းသောက် တစ်အူထုံ့ဆင်း တိုင်းရင်းသားလူမျိုးအချင်းချင်း မရှိအတူရှိအတူ အေးအတူပူအမျှ ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းနေထိုင်လိုသည့် တစည်းတလုံးတည်းသော မျိုးချစ်စိတ်ဓာတ်ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ပျက်ပြားလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲပြီး ပြည်ထောင်စုပြိုကွဲမှာဖြစ်ကြောင်း၊ ပြည်ထောင်စုပြိုကွဲလျှင် လွတ်လပ်ရေးဆုံးရှုံး၊ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံး၍ သူ့ကျွန်ဘဝ ပြန်ရောက်သွားမည် ဆိုသည်ကို အထူးသတိပြုရမှာ ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးများနေထိုင် တည်ထောင်ထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ချီတက်တည်ဆောက်သွားကြရန်မှာ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ဖြစ်ပေါ်ရရှိရန် အလွန်အရေးကြီးကြောင်း။

အလွန်အရေးကြီး

မည်သည့်နိုင်ငံမှာမဆို ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ခုရှိရန် အလွန်အရေးကြီးကြောင်း၊ ခိုင်မာသည့်အခြေခံဥပဒေရှိမှသာလျှင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်၏ မူဝါဒအဖြစ် ခိုင်ခိုင်မာမာ ဆုပ်ကိုင်လျက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို မြန်မြန်ဆန်ဆန် တည်ဆောက်နိုင်မှာ ဖြစ်ကြောင်း။

သမိုင်း၏ လိုအပ်ချက်အရ တပ်မတော်သည် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တာဝန်ယူပြီးနောက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးဆောင်ရွက်ခြင်း၊ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးခြင်း၊ နိုင်ငံတော်ကို စီးပွားရေး တိုးတက်စေရန် အခြေခံအဆောက်အအုံများစွာတည်ဆောက်ခြင်း၊ လူမှုရေးဖွံ့ဖြိုးတိုးတက်စေရန် ပညာရေး၊ ကျန်းမာရေးကိစ္စများ အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းသို့ တစိုက်မတ်မတ် ခွန်နှင့်အားဖြင့် ဆောင်ရွက်ခဲ့၍ ယနေ့အခါ နိုင်ငံမှာ တည်ငြိမ်အေးချမ်းပြီး ယခင်ကာလထက်စာလျှင် ကဏ္ဍအစုံအဘက်ဘက်မှာ အဆပေါင်းများစွာ တိုးတက်နေပြီ ဖြစ်ကြောင်း။

ယခုလည်း ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေရရှိရေးအတွက် အရေးအကြီးဆုံးဖြစ်သော အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိရာ အမျိုးသားညီလာခံကြီးမှာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်အဖွဲ့များ၊ ရွေးကောက်ပွဲမှာ ရွေးချယ်ခံထားရသော ကိုယ်စားလှယ်အဖွဲ့များ၊ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်အဖွဲ့များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်ကာ ငြိမ်းချမ်းရေး ရယူထားကြသည့် တိုင်းရင်းသားအဖွဲ့များမှ ကိုယ်စားလှယ်များ အင်အား ၁၀၀၀ကျော် တက်ရောက်ပြီး ညှိနှိုင်းဆွေးနွေးဆောင်ရွက်မှုကြောင့် အမျိုးသားညီလာခံကြီး ရာနှုန်းတော်တော်များများ ခရီးပေါက်အောင်မြင်နေပြီဖြစ်ကြောင်း။

အမျိုးသားရေးတာဝန်

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ခိုင်မာသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ဖြစ်ပေါ်ရရှိရေးအတွက် အသေးစိတ်အခြေခံရမည့်မူများ ရရှိအောင် မိမိတို့၏ မိသားစုအရေး၊ စီးပွားရေးအလုပ်အကိုင်စသည်များကို ထားပစ်ခဲ့ပြီး ညီလာခံမှာ အချိန်ယူ လာရောက် ညှိနှိုင်းဆွေးနွေးခြင်းမှာ နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် နိုင်ငံအတွက် အရေးကြီးသော အမျိုးသားရေးတာဝန်ကို ထမ်းဆောင်နေသည်မှာ ရေရှည်တည်တံ့ခိုင်မြဲမည့်ခိုင်မာသည့်အခြေခံဥပဒေကို ရရှိအောင်ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့က အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရင်ထဲ၊ အသည်းထဲက လေးစားဂုဏ်ပြုပါကြောင်း ပြောကြားလိုကြောင်း။

တည်ငြိမ်အေးချမ်းပြီးဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းအမှန်ပေါ်ကို ရောက်ရှိနေပြီဖြစ်သော မိမိတို့နိုင်ငံမှာ အရေးကြီးဆုံးလိုအပ်ချက်တစ်ရပ်မှာ **"ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ"** ဖြစ်ပေါ်ရရှိရေးဖြစ်ကြောင်း၊ ရရှိလာသည့် ခိုင်မာသောဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို ဆက်လက်တည်ဆောက်ကြရမှာပင်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံသည် ခိုင်မာသောဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေခံအုတ်မြစ်ဖြစ်ပြီး ခမ်းနားထည်ဝါသော မိမိတို့၏အနာဂတ်နှင့် ချိတ်ဆက်ပေးမည့်ကွင်းဆက်ပင်ဖြစ်၍ အမျိုးသားညီလာခံကြီးကျင်းပအောင်မြင်ရေးမှာ မိမိတို့၏အမျိုးသားရေးတာဝန်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် အဆိုရှင်တင်သွင်းသွားသည့် အမျိုးသားညီလာခံကိုကြိုဆိုထောက်ခံကြောင်း အဆိုကို တက်ရောက်လာသော လူထုကြီးနှင့်အတူ လေးလေးနက်နက် ထောက်ခံအပ်ပါကြောင်းဖြင့် ဆွေးနွေးထောက်ခံတင်ပြသွားသည်။

အလွန်ထူးခြားအောင်မြင်

ထို့နောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ရှမ်းပြည်နယ် (မြောက်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးမျိုးဝင်း(အငြိမ်းစား)က ဆွေးနွေးထောက်ခံတင်ပြရာတွင် တပ်မတော်အစိုးရတာဝန်ယူသည့်အချိန်မှစပြီး ယနေ့အထိ နိုင်ငံတော်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးကဏ္ဍအသီးသီးမှာ ဘက်စုံတိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ဥပဒေဘောင်အတွင်း ဝင်ရောက်၍ ပူးပေါင်းညီညွတ်အောင်ဆောင်ရွက်နိုင်မှုသည် အလွန်ထူးခြားအောင်မြင်သည့် သမိုင်းဝင်လုပ်ရပ်ဖြစ်ကြောင်း၊ ယခုဆိုလျှင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ဥပဒေဘောင်အတွင်းဝင်ရောက်လာပြီးနောက် တပ်မတော်အစိုးရနှင့်အတူ လက်တွဲကာ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ ယနေ့ အမျိုးသားညီလာခံကြီးတွင် ယင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ကိုယ်စားလှယ်များလည်း အမျိုးသားညီလာခံကိုယ်စားလှယ်များအဖြစ် တက်ရောက်ပြီး အနာဂတ်နိုင်ငံတော်အတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဖြစ်ပေါ်ရရှိရေးအားကြိုးမာန်တက်၊ လွတ်လွတ်လပ်လပ်၊ တက်တက်ကြွကြွဖြင့် ပါဝင်ညှိနှိုင်းဆွေးနွေးကြပြီဖြစ်ကြောင်း။

ပိုမိုတိုးတက်လာ

နိုင်ငံတော်ကြီးတည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ တပ်မတော်အစိုးရသည် နိုင်ငံတော်အတွင်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ပြည်သူများ၏ စီးပွားရေးဘဝတိုးတက်စေမည့် လုပ်ငန်းစဉ်ငါးရပ်ပါဝင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့၍ တစ်နိုင်ငံလုံးမှာ မျှော်မှန်းသည်ထက် မြန်မြန်ဆန်ဆန် ပိုမိုတိုးတက်လာခဲ့ကြောင်း။

အထူးသဖြင့် မိမိတို့နယ်စပ်ဒေသများတွင် ယခင်က နယ်မြေအေးချမ်းမှုမရှိ၍ မတည်ဆောက်နိုင်ခဲ့သည့် လမ်းများ၊ ဆေးရုံဆေးပေးခန်းများ၊ စာသင်ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ ဈေးများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေမည့် ဆည်၊ ကန်၊ တမံစသည့် ရေရရှိရေးစီမံကိန်းများ၊ အခြေခံအဆောက်အအုံများ နေ့ချင်းညချင်း ပေါ်ထွက်လာသည်ကို တွေ့မြင်နေကြရပြီဖြစ်ကြောင်း။

ထို့အပြင် မူးယစ်ဆေးဝါးကင်းမဲ့သည့် ဒေသများနှင့် ဘိန်းအစားထိုးသီးနှံစိုက်ခင်းများ တစ်ပြိုင်တည်း တွေ့မြင်နေကြရပြီဖြစ်ကြောင်း၊ တစ်ချိန်က ဗုံးသံ၊ သေနတ်သံ၊ ယမ်းခိုးယမ်းငွေ့များနှင့် တည်ငြိမ်အေးချမ်းမှုမရှိခဲ့သည့် ဒေသများမှာ ယခုအခါ လူနေတိုက်တာ အိမ်ခြေများ၊ ပျော်ရွှင်ကြည်နူးဖွယ်ရာ တိုင်းရင်းသားရိုးရာအကအခုန်၊ အတီးအမှုတ်နှင့် ရိုးရာတေးသံသာများ ခံစားနေကြရပြီဖြစ်ကြောင်း၊ ယခင်က မှောင်မှောင်မည်းမည်းဖြင့် အဘက်ဘက်က နောက်ကျ ကျန်ခဲ့သည့် နယ်စပ်တိုင်းရင်းသားဒေသများသည် လျှပ်စစ်မီးရောင်များ ထိန်ထိန်လင်း၍ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးများလည်း တိုးတက်ခဲ့ပြီဖြစ်ကြောင်း၊ ယင်းတို့မှာ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှု၊ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ အတူတကွ၊ ညီညီညွတ်ညွတ် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ကြမှုများ၏ အနှစ်သာရပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ အစီအမံနှင့် ကျောင်းဆောင်သစ်များ၊ ဆေးပေးခန်းများ၊ စာကြည့်တိုက်များ၊ လမ်းတံတားများ နေ့ချင်းညချင်း တစ်ခုပြီးတစ်ခု ပေါ်ထွန်းလာပြီဖြစ်ကြောင်း။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

❐ **ရှေ့ဖုံးမှ**

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မလိကျွန်းဧည့်ရိပ်သာ၌ ဗိုလ်မှူးချုပ်ဝင်းရိန်က မလိကျွန်းသို့ ဆက်သွယ်လာရောက်နိုင်မှုများ၊ ကျွန်း၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မလိခန်းမ၌ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားနှုတ်ဆက်ပြီး လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ဆိပ်ကမ်းအခြေအနေ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မလိကျွန်း၏ ဆိပ်ကမ်းအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ မလိကျွန်း တွဲဖက်အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိရာ ရပ်မိ ရပ်ဖများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှအေးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စာသင်ခန်းများနှင့် ကျောင်းဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ရဟတ်ယာဉ်များဖြင့် ပုလောမြို့နယ် ပလောက်မြို့သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ပလောက်တပ်နယ်မှ ဗိုလ်မှူးကြီးတင်မြင့်က ပလောက်တပ်နယ် အခြေအနေနှင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုအခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပလောက်တပ်နယ် အောင်နန်းတောင်ခန်းမ၌ တပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားပြီး လိုက်လံနှုတ်ဆက်သည်။

လက်ဆောင်ပစ္စည်းများပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အရာရှိ၊ စစ်သည်နှင့် မိသားစုများကိုယ်စား ပလောက်တပ်နယ်မှ ဗိုလ်မှူးကြီးတင်မြင့်အား လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ထားဝယ်မြို့သို့ ရောက်ရှိကြရာ ထားဝယ်တပ်နယ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအေးကို၊ စစ်ဦးစီးမှူး(ပထမတန်း) ဒုတိယဗိုလ်မှူးကြီး အောင်ကျော်မိုး၊ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညိုနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ထားဝယ်လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်းက ထားဝယ် လေယာဉ်ကွင်း တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က ထားဝယ် လေယာဉ်ကွင်းတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဖြည့်စွက် ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လေယာဉ်ကွင်း တည်ဆောက်ရေးလုပ်ငန်းအလိုက် မှတ်တမ်းမှတ်ရာထားရှိရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ထားဝယ်လေယာဉ်ကွင်း လေယာဉ်ပြေးလမ်းတည်ဆောက်ပြီးစီးမှုများ၊ စက်ယန္တရားကြီးများဖြင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ထားဝယ်လေယာဉ်ကွင်းကို ပြေးလမ်း အရှည်ပေ ၁၂၀၀၀၊ အကျယ်ပေ ၁၀၀ ရှိ လေယာဉ်ကွင်းအဖြစ် တိုးချဲ့တည်ဆောက်နေခြင်းဖြစ်သည်။

တွေ့ဆုံမှာကြားနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ထားဝယ်တပ်နယ် အောင်ဆန်းခန်းမ၌ ထားဝယ်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှအရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြား နှုတ်ဆက်သည်။

ဟိန်းဇဲတပ်နယ်

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၇ ရက် နံနက် ၈ နာရီခွဲတွင် ရဟတ်ယာဉ်များဖြင့် မြိတ်မြို့မှ ရေဖြူမြို့နယ် ဟိန်းဇဲသို့ ရောက်ရှိကြရာ ဟိန်းဇဲတပ်နယ်မှ ဗိုလ်မှူးချုပ်မောင်ဦးလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဟိန်းဇဲတပ်နယ်ခန်းမ၌ ဟိန်းဇဲတပ်နယ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အရာရှိ၊ စစ်သည်နှင့် မိသားစုများကိုယ်စား ဗိုလ်မှူးချုပ်မောင်ဦးလွင်အား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပလောက်တပ်နယ် အောင်နန်းတောင်ခန်းမ၌ ပလောက်တပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)



ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကြက်ဆူပျိုးပင်များကို ကြည့်ရှုစစ်ဆေးကြသည်။

သံလွင်တံတား(မော်လမြိုင်)

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရဟတ်ယာဉ်များဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိကြရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့နှင့် ကမ်းနားလမ်း သာယာလှပရေးဆောင်ရွက်ထားမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် သံလွင်တံတား(မော်လမြိုင်) စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး စီမံကိန်းရှင်းလင်းဆောင်မှ သံလွင်တံတား(မော်လမြိုင်)ကို ကြည့်ရှုစစ်ဆေးကြသည်။

လုပ်ငန်းပြီးစီးမှုရှင်းလင်း

ထို့နောက် ရှင်းလင်းဆောင်ခန်းမ၌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးများက သံလွင်တံတား(မော်လမြိုင်) မီးရထား ချဉ်းကပ်တံတားလုပ်ငန်းဆောင်ရွက်မှုများနှင့် လုပ်ငန်းပြီးစီးမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြန်မာ့မီးရထား ဒုတိယအထွေထွေမန်နေဂျာ ဦးမိုးနိုင်နှင့် စီမံကိန်းအင်ဂျင်နီယာ ဦးလွမ်းသူတို့က သံလွင်တံတား(မော်လမြိုင်) ချဉ်းကပ်လမ်းများ၌ ရထားသံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုများ၊ ချဉ်းကပ်လမ်းပိုင်းရှိ တံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှုများ၊ မော်လမြိုင်ဘူတာတည်ဆောက်ခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

သတ်မှတ်ကာလအတွင်းပြီးစီးရေးကြိုးပမ်း

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ရထားလမ်း ချဉ်းကပ်တံတားတည်ဆောက်ခြင်း၊ ရထားလမ်းခင်းခြင်း၊ ဘူတာတည်ဆောက်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်းပြီးစီးရေး ကြိုးပမ်းသွားကြရန်ဖြစ်ကြောင်း။

တစ်နိုင်ငံလုံး ပြည်နယ်၊ တိုင်းဒေသ တစ်ခုနှင့်တစ်ခုအကြား ဆက်သွယ်သွားလာမှု လွယ်ကူစေရေးအတွက် လမ်းများဖောက်လုပ်ခြင်း၊ တံတားများတည်ဆောက်ခြင်းတို့ကို မိမိတို့ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်သွားလာမှု လွယ်ကူလာသည်နှင့်အမျှ တိုင်းရင်းသားအချင်းချင်း အထိအတွေ့များပြီး ရင်းနှီးချစ်ကြည်မှု ပိုမိုလာကာ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုထွန်းကားလာစေမှာဖြစ်ကြောင်း။

စံချိန်စံညွှန်းမီမီ

ထို့ကြောင့် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် စံချိန်စံညွှန်းမီမီ အရည်အသွေးကောင်းကောင်းဖြင့် အမြန်ဆုံးတည်ဆောက်ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်နေကြရမှာဖြစ်ကြောင်း။

ဤလမ်းပိုင်း၌လည်း ရန်ကုန်-ထားဝယ်ခရီးကို ရထားဖြင့် နေ့ချင်းပေါက်ရောက်နိုင်ရေး သတ်မှတ်တာဝန်ပေးထားပြီးဖြစ်ရာ အစီအမံများနှင့်အညီ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

မော်လမြိုင်ဘူတာ တည်ဆောက်နေမှုအခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်လမ်းညွှန်မှု၊ နိုင်ငံတော်အစိုးရ၏ မနားမနေကြိုးပမ်းအားထုတ်မှုတို့အပေါ် ပြည်သူများ ယုံကြည်အားထားလာပြီး ပူးပေါင်းဆောင်ရွက်မှုကြောင့် ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်လာ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် သံလွင်တံတား(မော်လမြိုင်)ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး မော်လမြိုင်ဘက်ကမ်းနှင့် မုတ္တမဘက်ကမ်းချဉ်းကပ်တံတား(ရထားလမ်း)တည်ဆောက်နေမှုများကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း မီးရထားချဉ်းကပ်တံတားလုပ်ငန်းများကို နှစ်ဖက်စလုံးမှ တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိရာ မော်လမြိုင်ဘက်ကမ်း၌ ၇၈ ရာခိုင်နှုန်း၊ မုတ္တမဘက်ကမ်း၌ ၇၆ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ မော်လမြိုင် ဘူတာတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဘူတာသန့်ရှင်းလှပရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ဖူးမြော်ကြည်ညို

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ သွားရောက်၍ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရောက်ရှိကြသည်။

အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဇန်နဝါရီ ၁၆ ရက် ညနေ ၃ နာရီတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ထားဝယ်ခရိုင်နှင့် ထားဝယ်၊ လောင်းလုံး၊ ရေဖြူ၊ သရက်ချောင်းမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

လုပ်ငန်းဆောင်ရွက်ချက်များရှင်းလင်း

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညိုက ထားဝယ်ခရိုင်၌ စပါးစိုက်ပျိုးမှုနှင့် ဆန်ဖူလုံမှုအခြေအနေများ၊ ရော်ဘာ၊ ဆီအုန်း၊ ငရုတ်ကောင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ မလိကျွန်း၏ ဆိပ်ကမ်း အခြေအနေကို ကြည့်ရှုစစ်ဆေးကြစဉ်။

စိုက်ပျိုးမှုများ၊ ခဲမဖြူနှင့် အဖြိုက်နက်ထုတ်လုပ်နိုင်မှုများ၊ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက တစ်နိုင်တစ်ပိုင် ရေအားလျှပ်စစ်စက်ရုံများဖြင့် မြို့ရွာများသို့ လျှပ်စစ်မီးပေးနေမှုများ၊ ရေအားလျှပ်စစ်စီမံကိန်းငယ်များ တိုးချဲ့တည်ဆောက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များ၊ စပါးစိုက်ဧကတိုးချဲ့ရေးအတွက် မြေယာဖော်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုများ၊ ကျန်းမာရေးဝန်ထမ်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဒေသဆန်ဖူလုံရေး

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက စိုက်ပျိုးရေးလုပ်ငန်း မြင့်မားလာစေရန်၊ စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများ တိုးတက်လာစေရန် ဝန်ကြီးဌာနက ဖြည့်ဆည်းပံ့ပိုးနေမှုများ၊ ဒေသဆန်ဖူလုံရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပုံများ၊ မျိုးကောင်းမျိုးသန့် အသုံးပြုစိုက်ပျိုးသွားရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက ကာလတို စီးပွားရေးစီမံကိန်းများဆောင်ရွက်ရာတွင် လျာထားချက်ထက် တိုးတက်အောင်မြင်မှုများ၊ စီမံကိန်းနှစ်အလိုက် အောင်မြင်တိုးတက်မှုရရှိသည့် ကိန်းဂဏန်းအချက်အလက်များ၊ လက်ရှိရရှိထားသည့် အရှိန်အဟုန်ထက် ပိုမိုတိုးတက်မှုရရှိအောင် တနင်္သာရီတိုင်းက ဆက်လက်ကြိုးပမ်းအားထုတ်ရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဦးဆောင်သည့် မိမိတို့အဖွဲ့သည် တနင်္သာရီတိုင်းအတွင်း လှည့်လည်သွားလာခဲ့ရာ မြိတ်မြို့မှတစ်ဆင့် ထားဝယ်မြို့သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

ထိရောက်စွာအသုံးချ

ရောက်ရှိခဲ့သည့် နေရာတိုင်း၌ ဒေသစီးပွားရေး တောင့်တင်းခိုင်မာရေး၊ ဒေသဝမ်းစာဖူလုံရေး၊ ဆီအုန်း၊ ရော်ဘာတိုးချဲ့စိုက်ပျိုးရေး၊ ရေမြေသယံဇာတများကို အပြည့်အဝအသုံးချရေး၊ ပညာသင်ပေးမှုအခွင့်အလမ်းများကို ထိရောက်စွာအသုံးချ၍ ပြည်သူတို့၏ ပညာရည်အဆင့်အတန်း မြှင့်တင်ရေးတို့ကို မိမိတို့မှာကြားတိုက်တွန်းခဲ့ကြောင်း။

ထားဝယ်ခရိုင်သည်လည်း ခရိုင်တစ်ခုလုံးသာမက မြို့နယ်အလိုက် မြို့နယ်တိုင်း ဝမ်းစာဖူလုံအောင် ကြိုးစားကြရန်လိုကြောင်း၊ တနင်္သာရီတိုင်း၏ အပေါ်ပိုင်း ထားဝယ်ဒေသ၏ ရေမြေ ရာသီဥတုအခြေအနေအရ ရော်ဘာဖြစ်ထွန်းအောင်မြင်နိုင်သဖြင့် ရော်ဘာဧကေ နှစ်သိန်းပြည့်မီအောင် အလေးထားစိုက်ပျိုးရန်ဖြစ်ကြောင်း။

နိုင်ငံတော်ပိုင်းအနေဖြင့် ကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် လိုအပ်သည်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း။

စနစ်တကျအကောင်အထည်ဖော်

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ကွာဟချက်များ လျော့နည်းကျဆင်းစေရေး၊ ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာရေးတို့အတွက် နိုင်ငံတော်အပိုင်းက လိုအပ်သောအစီအမံများချမှတ်၍ စနစ်တကျအကောင်အထည်ဖော်လျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်လမ်းညွှန်မှု၊ နိုင်ငံတော်အစိုးရ၏ မနားမနေကြိုးပမ်းအားထုတ်မှုတို့အပေါ် ပြည်သူများကလည်း ယုံကြည်အားထားလာပြီး ပူးပေါင်းဆောင်ရွက်ကြသဖြင့် နယ်မြေဒေသအသီးသီးသည် အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း။

တနင်္သာရီတိုင်းဆိုလျှင် ရေး–ထားဝယ် ရထားလမ်း၊ ကော့သောင်း–ဘုတ်ပြင်း–မြိတ်–ထားဝယ်ကားလမ်းတို့ ဖြစ်ပေါ်လာပြီဖြစ်၍ ရေကြောင်း၊ လေကြောင်းအပြင် ကုန်းလမ်းဖြင့်လည်း နိုင်ငံအနှံ့ ကူးလူးဆက်ဆံ သွားလာနိုင်ပြီဖြစ်ကြောင်း။

အောင်မြင်စွာပေါ်ထွက်လာ

လမ်းပန်းဆက်သွယ်မှုကဏ္ဍ၌သာမက တနင်္သာရီတိုင်း၏ စီးပွားရေး၌လည်း အစဉ်အလာ အလေးထားလုပ်ကိုင်နေသည့် ငါး၊ ပုစွန်လုပ်ငန်းအပြင် ပုလဲမွေးမြူရေးလုပ်ငန်း၊ ဆီအုန်းလုပ်ငန်း၊ ခရီးသွားလုပ်ငန်းစသည့် စီးပွားရေးကဏ္ဍအသစ်များသည်လည်း အောင်မြင်စွာ ပေါ်ထွက်လာနေပြီဖြစ်ကြောင်း။

သဘာဝသယံဇာတအခြေအနေကောင်းများကို လူ့စွမ်းအားဖြင့် ဖော်ထုတ်အသုံးချနိုင်သည်နှင့်အမျှ ဒေသ၏ စီးပွားရေးသည် ခိုင်မာတောင့်တင်းလာမှာဖြစ်ကြောင်း၊ ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်းသည်လည်း မြင့်မားတိုးတက်လာမှာဖြစ်ကြောင်း။

လက်တွေ့ကျကျ

နိုင်ငံတော်အစိုးရက မှန်ကန်သောမူဝါဒများချမှတ်ပြီး ပြည်သူများ၏ ဘဝ လုံခြုံမြင့်မားရေးအတွက် လက်တွေ့ကျကျ အကောင်အထည်ဖော်နေမှုကို အလေးအနက် နားလည်ခံယူပြီး နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များကလည်း မိမိတာဝန်ကျရာ ဒေသအတွင်းရှိ ပြည်သူများအား စောင့်ရှောက်ကူညီရန်၊ ပြည်သူများနှင့် တစ်သားတည်း ဆက်ဆံနေထိုင်ရန် လိုအပ်ကြောင်း။

ပြည်သူများက လေးစားယုံကြည်အားထားထိုက်သော ပြည်သူ့ဝန်ထမ်းများဖြစ်မှသာ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကို ထိုက်ထိုက်တန်တန်ရရှိမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား လိုက်လံနှုတ်ဆက်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဟိန်းဇဲတပ်နယ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုများကိုယ်စား ဗိုလ်မှူးချုပ်မောင်ဦးလွင်အား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ထားဝယ်တက္ကသိုလ်

တွေ့ဆုံပွဲအခမ်းအနားအပြီးတွင် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထားဝယ်တက္ကသိုလ်သို့ရောက်ရှိကြရာ ရှေးဦးစွာ ထားဝယ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးကျော်ကျော်ဌေးက ထားဝယ်တက္ကသိုလ်၏ တည်ဆောက်ရေး၊ ပညာသင်ကြားရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၃)လက်ထောက် အင်ဂျင်နီယာ ဦးခင်မောင်သန်းက ထားဝယ်တက္ကသိုလ်စာသင်ဆောင်များ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပြီးစီးမှုများကိုလည်းကောင်း၊ Ever Green Co. မှ တာဝန်ခံအင်ဂျင်နီယာ ဦးတေဇာဝင်းက ထားဝယ်တက္ကသိုလ် ပင်မဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းများနှင့် ပြီးစီးမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကိုမှာကြားပြီး ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများအား လိုက်လံနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ထားဝယ်တက္ကသိုလ် ပင်မဆောင်တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။ အလားတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဦးစိုးသာနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တို့နှင့်အတူ ဇန်နဝါရီ ၁၆ ရက်ညပိုင်းတွင် ထားဝယ်မြို့ ထားဝယ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်းအသင်း အတွင်းရေးမှူး ဦးကျော်ကျော်ဌေး၊ ထားဝယ်ခရိုင်နှင့် ထားဝယ်၊ လောင်းလုံး၊ ရေဖြူ၊ သရက်ချောင်းမြို့နယ်များမှ အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များအား တွေ့ဆုံမှာကြားသည်။

အလားတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွန်းသည် ဇန်နဝါရီ ၁၆ ရက်တွင် ထားဝယ်မြို့ရှိ ထားဝယ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံး၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနများမှ ခရိုင်နှင့် မြို့နယ်အဆင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး မှာကြားသည်။

(သတင်းစဉ်)

သဇင်ပန်းခိုင်တမြိုင်မြိုင် မွေးကြိုင်လှပ အကယ်ဒမီည

သတင်းစာဖတ်ရှုလိုက်သည်နှင့် တက်ကြွကြည်နူးစရာ သတင်းများ နေ့စဉ်တွေ့မြင်နေကြရပါသည်။

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ၊

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ၊

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍ၊

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ နယ်စပ်ဖွံ့ဖြိုး တိုးတက်မှု ကဏ္ဍ

စသည်ဖြင့် ဘက်စုံ၊ ကဏ္ဍစုံ တိုးတက်မှုများကို နေ့စဉ်မြင်တွေ့ ဖတ်ရှုရပါသည်။

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံတွင် တပ်မတော်အစိုးရ လက်ထက်၌ ဖွံ့ဖြိုးတိုးတက်မှုများကို များပြားစွာ တွေ့ရှိနေရပါပြီ။ မြစ်ကူးတံတားကြီးများ၊ ရေလှောင်တမံများ၊ တက္ကသိုလ်၊ ကောလိပ် ကျောင်းကြီးများ၊ တောမြိုင်ကန္တာ၊ ပုံတောင်ပုံညာနှင့် ရှမ်းပြည်နယ် အစွန်အဖျား ဒေသမကျန် မီးရထားဆက်သွယ်မှုများ၊ နိုင်ငံတကာ ဆက်သွယ်ရေးကဏ္ဍများ၊ သားငါးမှ စ၍ ကုန်ပစ္စည်းမျိုးစုံ နိုင်ငံတကာသို့ တင်ပို့နိုင်ခြင်းကဏ္ဍများ ဖြစ်ပါသည်။

ထိုမျှမကသေး၊ မြန်မာ့အားကစားလောက၊ ဆေးဝါးကုသ ခွဲစိတ်မှု လောကများတွင်လည်း ယခင်က မကြားဖူးသေးသည့် အောင်မြင်မှုများ ဖြစ်ထွန်းနေပါသည်။ တယ်လီဖုန်းတိုက်ရိုက်လိုင်း၊ မိုက္ကရိုဝေ့ဗ်ဆက် ကြောင်း၊ အင်တာနက်လိုင်း၊ အီးမေးလ်လိုင်း၊ ဂြိုဟ်တုဆက်သွယ်ရေး စခန်းစသည်ဖြင့် အဘက်ဘက်မှ တိုးတက်နေသည်များကို ရေးပြရပါလျှင် ကုန်အံ့မထင်ပါ။

ထို့ပြင် အခြားဖွံ့ဖြိုးတိုးတက်မှုတစ်ခုကို တင်ပြလိုပါသည်။

"သဇင်ပန်းခိုင်တမြိုင်မြိုင် မွေးကြိုင်လှပ အကယ်ဒမီည" အကြောင်း ပင် ဖြစ်ပါသည်။ ရုပ်ရှင်နှင့် အဆို၊ အက၊ အပြ၊ ဗီဒီယိုအခွေမျိုးစုံ ကလည်း ဖျော်ဖြေရေးကဏ္ဍတွင် အလွန်အရေးကြီးလှပါသည်။ တာဝန် မျိုးစုံ၌ ကျင်လည်နေကြသော ပြည်သူများ စိတ်ပန်း၊ လူပန်း ဖြစ်နေ ကြသည့်အခါ ဤပင်ပန်းမှုများ ပြေပျောက်သွားစေရန်၊ ရွှင်လန်း တက်ကြွလာစေရန် ရုပ်ရှင်အနုပညာသည်များက ဖြည့်ဆည်းပေး နိုင်ကြပါသည်။

လန်ဒန်အတ် ဦးအုန်းမောင်၊ ဦးညီပုတို့ ခေတ်ကနေပြီး ယနေ့အထိ မြန်မာ့ရုပ်ရှင်သမိုင်းသည် တဖြည်းဖြည်း တိုးတက်ရှင်သန် လာခဲ့ပါသည်။ ခေတ်ဟောင်း ရုပ်ရှင်မင်းသား၊ မင်းသမီးများဖြစ်ကြသော ဦးညီပု၊ မောင်မောင်အေး၊ မြဂနိုင်မြင့်မြင့်နှင့် ဣန္ဒာရုံရုပ်ရှင်ထဲက မင်းသမီး ခင်ခင်ရီ၏ ရဲတပ်ဖွဲ့သီချင်းလေး လိုက်ဆိုပုံတို့ကို မြန်မာရုပ်ရှင်ကြည့် ပရိသတ်တို့က လွမ်းစွာစွဲလမ်းခဲ့ကြပါသည်။ ယနေ့ အကယ်ဒမီဆုရှင်များ ဖြစ်ကြသော ညွန့်ဝင်း၊ လွင်မိုး၊ အိန္ဒြာကျော်ဇင်၊ စိုးမြတ်နန္ဒာတို့ကိုသာမက အခြား မင်းသား၊ မင်းသမီးများကိုလည်း ကြိုက်နှစ်သက်ကြပါသည်။ နှစ်တွေသာ ပြောင်းသွားပါမည်၊ မင်းသား၊ မင်းသမီးကို ချစ်မြတ်နိုး တတ်သော မြန်မာရုပ်ရှင်ကြည့် ပရိသတ်တို့၏ စိတ်ဓာတ်မှာ ပြောင်းလဲ သွားခြင်း မရှိပါ။

အကယ်ဒမီညချမ်းတိုင်းတွင် မင်းသား၊ မင်းသမီးများနှင့်အတူ ရုပ်ရှင်ကြည့် ပရိသတ်များပါလိုက်ပြီး ရင်ခုန်ရစမြဲပါ။ အခါတိုင်းနှစ်များ တွင် ရုပ်ရှင်အနုပညာသည် မောင်နှမသည် ဆုရကြတော့လည်း ဝမ်းသာ၊ ဆုမရပြန်တော့လည်း နောင်နှစ်ခါပေါ့ဆိုသည့် ပုံမျိုးဖြင့် တစ်နှစ်တာ အကယ်ဒမီမျှော်ပွဲ ပြီးစီးသွားရစမြဲပါ။ သို့သော် သည်နှစ်တော့ သည်လို မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရုပ်ရှင်ပညာသည်များအား နွေးနွေးထွေးထွေး အကြံပြု ဆွေးနွေးသွားခဲ့ခြင်းများကြောင့်ဟု ဆိုရပါမည်။

ယခုဝတီခင်စိန်လှိုင်

"ပြည်ပက ဝင်လာသည့် ရုပ်ရှင်ကားသည် ပြည်တွင်းက ထုတ်လုပ်သည့် ရုပ်ရှင်ကားထက် အရေအတွက်များနေကြောင်း၊ ယင်းတို့မှာ မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောကအတွက် စိန်ခေါ်မှုများ ဖြစ်သကဲ့သို့ အမျိုးသားယဉ်ကျေးမှု၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စု စိတ်ဓာတ်တို့ အပေါ်မှာလည်း စိန်ခေါ်နေမှုများပင် ဖြစ်ကြောင်း၊ ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်မှသာ မြန်မာ့ ရုပ်ရှင်နှင့် ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်လာနိုင်မှာ ဖြစ်သကဲ့သို့ အမျိုးသားယဉ်ကျေးမှု၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စု စိတ်ဓာတ်တို့ကို ထာဝစဉ် ရှင်သန်ဖွံ့ဖြိုးအောင် ထိန်းသိမ်းနိုင်မှာ ဖြစ်ကြောင်း။

ထို့အပြင်မြန်မာ့ရုပ်ရှင်အဆင့်အတန်းကိုကြည့်လျှင် ဇာတ်လမ်း၊ ဇာတ်ကွက် အပိုင်း၊ ဝတ်စားဆင်ယင်မှုအပိုင်း၊ ထုတ်လုပ်သူအပိုင်း၊ စတူဒီယိုစသည့် ရိုက်ကူးရေး အထောက်အကူပြုအပိုင်း၊ တင်ပြ သရုပ်ဖော်မှုအပိုင်း၊ အသံ၊ အရုပ်၊ အရောင် စသည့်အပိုင်း၊ ရုပ်ရှင်ရုံဝန်ဆောင်မှုအပိုင်း စသည့်အပိုင်းအားလုံးမှာ အားနည်း ချက်ရှိကြောင်း၊ ယင်းတို့ကို ပြုပြင်ဆောင်ရွက်နိုင်မှသာ မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြင့်မားလာပြီး ပြည်ပမှ ထိုးဖောက်လာသည့် Media စိန်ခေါ်မှုများကို ကျော်လွှားနိုင်မှာဖြစ်သကဲ့သို့ ပြည်ပကို ထိုးဖောက် ပြသနိုင်မှု အပါအဝင် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ကြောင်း။

ထို့ကြောင့်ယင်းအားနည်းချက်များ၊မပြည့်စုံမှုများကို ကျော်လွှား နိုင်ရန် ကြိုးပမ်းဆောင်ရွက်သင့်သည့် အချက်(၁၂)ချက်ကိုလည်း ရုပ်ရှင်ထူးချွန်ဆု အခမ်းအနားမှာရော ရုပ်ရှင်လောကသားများနှင့် တွေ့ဆုံပွဲ အခမ်းအနားများမှာပါ မိမိအကြံပြု မှာကြားခဲ့ပြီး ဖြစ်ကြောင်း၊ ယင်းအချက်များကို ပြုပြင်ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း"

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အကယ်ဒမီ မိန့်ခွန်းတွင် အကျယ်တဝင့် မှာကြားခဲ့သည်။ ဝန်ကြီး၏ မှာကြားချက်ကို ရုပ်ရှင် လောကသားအားလုံး စွဲမြဲစွာ မှတ်သားခံယူထိုက်ပါသည်။

ဆုယူရန် သုဝဏ္ဏကွင်းသို့ ဝင်သွားသူတိုင်း ခိုင်မြဲသောမျှော်လင့် ချက်များနှင့်ချည်း ဖြစ်ကြပါ၏။

မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြင့်မားလာသည်နှင့်အမျှ နိုင်ငံတော် က ရုပ်ရှင်အကယ်ဒမီဆုများကို တိုးတက်ချီးမြှင့်ပေးလျက်ရှိသည်။ သည်နှစ် စိန်မွတ်တား(မန္တလေး) ရွှေစင်ရုပ်ရခြင်းကလည်း ကြည်နူး ရသည်။ ဂီတလုလင် ဦးကိုကိုနှင့် စန္ဒရားဦးလှထွတ်တို့ ရခဲ့စဉ်ကလည်း ဤသို့ တိုးချဲ့ အကယ်ဒမီဆုများအတွက် ဝမ်းသာခဲ့ရပါသည်။ အမျိုးသမီး ဇာတ်ညွှန်းဆု ဒေါ်ခင်လေးသိမ့်အတွက်လည်း အထူးဂုဏ်ယူမိပါသည်။ သူ့သမီးကြီး ကြည်ဖြူသျှင်ကိုလည်း ပုဂံဇာတ်လမ်းကြီးနှင့် အောင်မြင်ခဲ့ရ၍ များစွာ အားရ ကျေနပ်မိပါသည်။ ယခုလည်း ဇာတ်ညွှန်းဆု၊ အကောင်းဆုံး ဇာတ်ပုံဆု၊ အကောင်းဆုံး ဇာတ်ကားဆု၊ အကောင်းဆုံးတည်းဖြတ်ဆု၊ အကောင်းဆုံး ဇာတ်ပို့ဆု၊ အကောင်းဆုံး တေးဂီတဆု စသည်ဖြင့် စုံနေပါသည်။ အမှန်တော့ ရုပ်ရှင်ကားတစ်ကားဖန်တီးမှုသည် အနုပညာရှင် များ၏ စုပေါင်းစွမ်းဆောင်မှု ဖြစ်ပါသည်။

မင်းသမီး၊ မင်းသား မည်မျှကောင်းကောင်း အသံဖျက်နေလျှင်၊ ဓာတ်ပုံဖျက်နေလျှင် ပြီးပြည့်စုံသော ဇာတ်ကားတစ်ခု ဖြစ်မလာနိုင်ပါ။ **ယနေ့ မြန်မာနိုင်ငံ၌ တပ်မတော်အစိုးရလက်ထက်တွင် ရုပ်ရှင်လုပ်ငန်းကို ကြိုးစားသူတိုင်း အခွင့်ကောင်းများ ခံစားခွင့်ရှိကြပါပြီ။ သည့်အတွက် လည်း ဝမ်းသာလှပါသည်။ ရုပ်ရှင်ဇာတ်လမ်းများ အဆင့် မြင့်လာသည်နှင့် အမျှ အရှေ့တောင်အာရှ၌ မြန်မာပထမဟု ကမ္ဘည်း မော်ကွန်းသစ်တင်နိုင် လာမည်ဖြစ်ပါသည်။ နိုင်ငံအကျိုးပြု၊ ပြည်သူ အကျိုးပြုဇာတ်ကားကောင်း များ ဖန်တီးရိုက်ကူးပြသကြရန် ဖြစ်ပါသည်။**

သို့ဖြစ်ရာ တပ်မတော်အစိုးရလက်ထက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်လျက် ရှိနေချိန်တွင် ပြန်ကြားရေး ကဏ္ဍမှ အနုပညာလောကသားများကလည်း အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ အနုပညာကဏ္ဍပိုမိုမြင့်မားတိုးတက်လာအောင် အရှိန်မြှင့်၍ ဆက်လက်ကြိုးပမ်း စွမ်းဆောင်သွားကြရန် **သဇင်ပန်းခိုင် တမြိုင်မြိုင် မွှေးကြိုင်လှပ အကယ်ဒမီည** မြင်ကွင်းက နှိုးဆော်တိုက်တွန်းလျက် ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

တပ်မတော်အစိုးရလက်ထက်တွင် ရုပ်ရှင်လုပ်ငန်းကို ကြိုးစားသူတိုင်း အခွင့်ကောင်းများ ခံစားခွင့်ရှိကြပြီ။ ရုပ်ရှင်ဇာတ်လမ်းများ အဆင့်မြင့်လာသည်နှင့် အမျှ အရှေ့တောင်အာရှ၌ မြန်မာ ပထမဟု ကမ္ဘည်း မော်ကွန်းသစ်တင်နိုင် လာမည်ဖြစ်ပါသည်။ နိုင်ငံအကျိုးပြု၊ ပြည်သူအကျိုးပြု ဇာတ်ကားကောင်းများ ဖန်တီးရိုက်ကူးပြသကြရန် ဖြစ်ပါသည်။

လက်ခံယူ

တိုက် ၃၄၃ အခန်း ၂၄ အနောက်ရန်ကင်းနေ ဒေါ်မြင့်မြင့်ထွေး မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ပဒေသာပင်ငွေကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၉-၁-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၄:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၅:၀၀ ၈။ မျိုးချစ်တပ်မတော်
- ၅:၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ ကာတွန်းအစီအစဉ် **"ပါကျဲ"** (အပိုင်း-၄)
- ၆:၅၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နေခြည်ဖြာမှ"** (အပိုင်း-၃)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ မြဝတီရဲ့ မြဝတီ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တရားစီရင်ထုံး"** (အပိုင်း-၄)

ဇန်နဝါရီ ၁၃ရက်က စမ်းချောင်းမြို့နယ် အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၄-၂၀၀၅ခုနှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မသက်သက်စိုးဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေး အေးမြင့်က ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (က-ပ)

စာမျက်နှာ ၇ မှ

နိုင်ငံတော်အစိုးရ အစီအမံနှင့် ကျောင်းဆောင်သစ်များ၊ ဆေးပေးခန်းများ၊ စာကြည့်တိုက်များ၊ လမ်းတံတားများ နေ့ချင်းညချင်း တစ်ခုပြီးတစ်ခု ပေါ်ထွန်းလာပြီဖြစ်ကြောင်း။

နိုင်ငံတော်တွင် ယင်းသို့ငြိမ်းချမ်းလာခြင်းကြောင့် ၅၄သန်းသော မြန်မာပြည်သူများမှာလည်း မိမိအလုပ်မပျက် အေးအေးချမ်းချမ်း၊ ပျော်ပျော်ရွှင်ရွှင်ဖြင့် သွားလာလုပ်ကိုင်စားသောက်နေထိုင်ကြလျက်ရှိကြောင်း၊ ယင်းသို့ တည်ငြိမ်အေးချမ်းမှုရရှိနေသော်လည်း ဒီမိုကရေစီအကြောင်းဗန်းပြပြီး တည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးမည့်အဖျက်ရန်များကို မိမိတို့ သတိထားကြရမှာဖြစ်ကြောင်း။

လုံးဝလက်မခံ

ထို့ကြောင့် ပြည်ပကိုသိပ်အားကိုးနေသည့်အဖွဲ့၊ တိုင်းပြည်ဖျက်ချင်နေသည့်အဖွဲ့နှင့် ပြည်ပနိုင်ငံကြီးအချို့၏ မိမိတို့နိုင်ငံပျက်စီးရာပျက်စီးကြောင်း အတိုင်အဖောက်ညီစွာလုပ်နေကြသည့် ပရိယာယ်ကိုလည်း ပြည်သူလူထုကြီးက အလွန်သတိထားသင့်၊ ကာကွယ်သင့်ကြောင်းနှင့် မိမိတို့ပြည်သူများမှာမူ ယင်းတို့ကိုလုံးဝလက်မခံကြောင်း တင်ပြအပ်ပါကြောင်း။

ယနေ့ နိုင်ငံတော်တွင်ကျင်းပနေသည့် အမျိုးသားညီလာခံကြီးမှာ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံတော်ကိုတည်ငြိမ်အေးချမ်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေချင်သည့်စိတ်ဓာတ်နှင့် ခံယူချက်အပြည့်အဝရှိသော ညီလာခံကိုယ်စားလှယ်များသည် ပြည်တွင်းပြည်ပက အဖျက်သမားများနှင့် နိုင်ငံခြားကိုအထင်ကြီးအားကိုးသည့်အဖွဲ့များက ဖျက်လိုဖျက်ဆီး ဘယ်လိုပင်လုပ်ပါစေ၊ နိုင်ငံတော်အတွက် ရေရှည်တည်တံ့ခိုင်မြဲသည့် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်ရရှိအောင် ဆောင်ရွက်မည်ဆိုသည့် ပြင်းပြသော စိတ်ဆန္ဒများနှင့် အမျိုးသားညီလာခံကြီးတွင် အားတက်သရောဆွေးနွေး ဆောင်ရွက်လျက်ရှိကြကြောင်း။

မိမိအနေဖြင့် ယနေ့ကျင်းပနေသည့် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်ရရှိရေးအတွက် အရေးကြီးသည့်လုပ်ငန်းစဉ်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို မိမိတို့ရှမ်းပြည်နယ်(မြောက်ပိုင်း)တိုင်းရင်းသားပြည်သူများက အလေးအနက်ထား လေးစားပါကြောင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံကြောင်းအဆိုကို လှိုက်လှဲစွာထောက်ခံရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ဆွေးနွေးထောက်ခံ တင်ပြသွားသည်။

အမှန်တကယ်လိုအပ်

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို လားရှိုးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်သန်းသန်းဦးက ဆွေးနွေးထောက်ခံတင်ပြရာတွင် နိုင်ငံတော်တွင် ယခင်က ရှိခဲ့သည့် ၁၉၄၇ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ အားနည်းချက်များကြောင့် ပျက်ပြယ်သွားခဲ့ပြီးဖြစ်၍ မိမိတို့နိုင်ငံတွင် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ဖြစ်ပေါ်ရရှိရန် အမှန်တကယ်လိုအပ်ကြောင်း၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ လူထုလူတန်းစားအသီးသီးက ကိုယ်စားလှယ်များဖြင့် ယနေ့ကျင်းပနေသည့် အမျိုးသားညီလာခံမှာ ညီလာခံကိုယ်စားလှယ် ၁၀၀၀ကျော်ပါဝင်ညှိနှိုင်း ဆွေးနွေးဆောင်ရွက်လျက် အသေးစိတ်အခြေခံရမည့်မူများကို ဆုံးဖြတ်အတည်ပြုနိုင်ပြီး အမျိုးသားညီလာခံသည် ရာနှုန်းတော်တော်များများ ခရီးရောက်နေပြီဖြစ်ကြောင်း။

လေးလေးနက်နက်ယုံကြည်

မိမိတို့ အမျိုးသမီးထုကြီးအနေဖြင့် အမျိုးသားညီလာခံက ဆုံးဖြတ်ချမှတ်သည့် မူများထဲမှ မိခင်နှင့်ကလေးများ၊ အိုမင်းမစွမ်းသူများနှင့်စပ်လျဉ်းသည့် အခြေခံမူနှစ်ချက်ကို သီးသန့်ထည့်သွင်းချမှတ်ထားသည်ကို တွေ့ရသည့်အတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးမှာရှိသည့် မိခင်များ၊ ကလေးများနှင့် အိုမင်းမစွမ်းသူများ ရရှိမည့် အခွင့်အရေးသည် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပီပီပြင်ပြင် ပါဝင်လာတော့မည်ကို သိရပြီး အလွန်ကျေနပ်ဝမ်းမြောက် ဝမ်းသာဖြစ်နေကြပါကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံသည် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေရရှိရေး အတွက် ခိုင်မာသောအုတ်မြစ်၊ သေချာစနစ်တကျ ညှိနှိုင်းစည်းဝေးနေကြသည့် အစည်းအဝေး၊ မှန်ကန်ပြီးလေးစားရန်ကောင်းသည့် ညီလာခံကြီးဖြစ်သည်ဟု မိမိတို့လေးလေးနက်နက် ယုံကြည်ကြောင်း။

တပ်မတော်အစိုးရသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို တာဝန်ယူနေသည့် ကာလအတွင်း နေ့မအား၊ ညမနားဆောင်ရွက်နေ၍ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုများသည် ယခင်ကာလများနှင့် လုံးဝမတူတာ နေရာအနှံ့ကွက်လပ်မကျန် တွေ့ရှိနေရပြီဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာလည်း ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေရရှိရေးအတွက် အမျိုးသားညီလာခံကို စနစ်တကျဆောင်ရွက်ပေးနေကြောင်း။

မိမိတို့ရှမ်းပြည်နယ်အတွက်ဆိုလျှင် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ် သေသေချာချာ စူးစူးစိုက်စိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးဝါးများဆိုင်ရာဥပဒေကို ၁၉၉၃ခုနှစ်က ပြဋ္ဌာန်းခဲ့ကြောင်း၊ မူးယစ်အထူးအဖွဲ့များဖွဲ့စည်းပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများလုပ်ဆောင်ခဲ့ကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးအတွက်(၁၅)နှစ်စီမံကိန်းကို ၁၉၉၉–၂၀၀၀ခုနှစ်မှ ၂၀၁၃–၂၀၁၄ခုနှစ်အထိ စီမံချက်ရေးဆွဲအကောင်အထည်ဖော်ပြီး ရှမ်း၊ကချင်၊ချင်း၊ကယားပြည်နယ်များရှိ ၅၁မြို့နယ်ကို ဦးတည်ပြီး မူးယစ်ဆေးဝါးပပျောက်ရေးကိုအမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်လုပ်နေကြကြောင်း၊ ယင်းဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်ဘဏ္ဍာငွေ ကျပ်သန်းပေါင်း ၃၀၀၀၀ကျော်နှင့်အမေရိကန်ဒေါ်လာသန်း ၁၅၀ အသုံးပြုနေကြောင်း၊ UNODCနှင့် CNCတို့၏ ထုတ်ပြန်ကြေညာချက်များတွင် ဘိန်းစိုက်ပျိုးမှုသည် ၈၀ရာခိုင်နှုန်း လျော့နည်းပပျောက်သွားပြီဟု ဖော်ပြခဲ့ကြောင်း၊ ယင်းကာလအတွင်းမှာ ဘိန်းခင်းဧက ၁၀၉၃၈၉ ဖျက်ဆီးခဲ့ပြီး ဘိန်းတန်ချိန် ၄၈တန်ကို ဟန့်တားနိုင်ခဲ့ကြောင်း၊ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို ရန်ကုန်တွင် (၁၉)ကြိမ်၊ ပြည်နယ်များတွင် (၃၂)ကြိမ် မီးရှို့ဖျက်ဆီးခဲ့ရာတွင် အမေရိကန်ဒေါ်လာသန်း ၁၄ ဒသမ၆ဘီလီယံကျော်တန်ဖိုး ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားထုတ်သည့်စက်ရုံ အလုံး ၂၀ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ အိမ်နီးချင်း တရုတ်၊ ထိုင်း၊ လာအို၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် စသည့်နိုင်ငံများတွင် ဒေသတွင်းနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ရုရှားဖက်ဒရေးရှင်းစသော နိုင်ငံများနှင့်လည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ တားဆီးရေးကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

လူထုလှုပ်ရှားမှုအသွင်

မိမိတို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ယခင်က ဘိန်းသီးများ၊ ဘိန်းပင်များရှိသည့်နေရာများတွင် နယ်စပ်ဒေသများမှာ ယခုဆိုလျှင် ဘိန်းအစားထိုးသီးနှံဖြစ်သည့် ရော်ဘာ ၁၂၉၉၇ဧက၊ ကော်ဖီ ၁၂၄၅၃ဧက၊ နာနတ် ၄၁၅၅ဧက၊ ပျားလိမ္မော် ၆၇၀၅ဧက၊ လက်ဖက် ၁၂၅၂၀၄ဧက စသည့် ဥယျာဉ်ခြံကြီးများ မြောက်မြားစွာနှင့် ကုန်းမြင့်လယ်ယာစိုက်ခင်းများဖြင့် ပြည်နယ်ကို အလှဆင်ထားနိုင်ပြီ ဖြစ်ကြောင်း၊ ထိုမျှသာမကဘဲ လူမှုရေးအသင်းအဖွဲ့များ၊ မူးယစ်ဆေးဝါးဆန့်ကျင်သူအသင်းများ ပူးပေါင်းပြီး၊ ပြည်သူများကို စည်းရုံးပညာပေး၍ မူးယစ်ဆေးဝါးဆန့်ကျင်ရေးကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်နေကြောင်း။

ထို့ကြောင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းသည် ထိထိရောက်ရောက် အောင်မြင်နေကြောင်းတွေ့ရသည်မှာ နိုင်ငံအတွက်၊ ပြည်နယ်အတွက် အလွန်ဝမ်းမြောက်၊ ကျေးဇူးတင်စရာ ဖြစ်သည်ဟု တင်ပြလိုကြောင်း၊ မိမိတို့က မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ တားဆီးရေးကို အမျိုးသားရေးတာဝန်အဖြစ် ကိုယ့်ခွန်ကိုယ့်အားဖြင့် ဆက်လက်ဆောင်ရွက်သွားမှာပင်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ အမျိုးသားညီလာခံ နှောင့်နှေးကြန့်ကြာအောင် ပြည်တွင်း ပြည်ပက အဖျက်သမားတွေ နိုင်ငံခြားကို အလွန်အမင်းအားကိုးသည့် အဖွဲ့များ၊ မည်သို့သော ပရိယာယ်များပင်သုံးသုံး မိမိတို့ကမူ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်ရရှိရေးသည် မိမိတို့၏တာဝန်၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်ရေးသည် မိမိတို့၏ အမျိုးသားရေး ရည်မှန်းချက်ပင်ဖြစ်ကြောင်း၊ ခိုင်မာ သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်ရရှိရေး၏ အဓိကလုပ်ငန်းဖြစ်သည့် အမျိုးသားညီလာခံကြီးကိုလည်း ညီလာခံကိုယ်စားလှယ်များ စုံလင်စွာနှင့် အရှိန်အဟုန်ဖြင့် ကျင်းပလျက်ရှိကြောင်း၊ အသေးစိတ်အခြေခံရမည့်မူများကိုလည်း ဆက်လက်ဆွေးနွေး ညှိနှိုင်းအတည်ပြုဆုံးဖြတ်ချက်များ ချမှတ်လျက်ရှိကြောင်း၊ ထို့ကြောင့် အဆိုရှင် တင်သွင်းသွားသည့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အဆိုကို မိမိအနေဖြင့် ပြည်သူလူထုကြီး အပါအဝင် အလေးအနက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးထောက်ခံတင်ပြသွားသည်။

တစ်ခုတည်းသောလမ်းကြောင်း

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို လားရှိုးမြို့မှ တိရစ္ဆာန်ဆေးကုဆရာဝန် ဦးစိုင်းထွန်းအောင်က ဆွေးနွေးထောက်ခံတင်ပြရာတွင် အမျိုးသားညီလာခံသည် နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏အကျိုးကို ရှေးရှုကာ နိုင်ငံတော်က အမြော်အမြင်ကြီးမားစွာဖြင့် ဆောင်ရွက်ပေးနေသည့် ညီလာခံဖြစ်သည်ကို မိမိတို့ အလေးအနက် ယုံကြည်ပါကြောင်း၊ ယင်းအမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် မိမိတို့ ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက် စစ်မှန်သော ဒီမိုကရေစီလမ်းစဉ်တစ်ရပ်ကို ရောက်ရှိခြေချနိုင်မည့် တစ်ခုတည်းသော လမ်းကြောင်းဖြစ်ကြောင်း။

တပ်မတော်အစိုးရသည် နိုင်ငံတော်တာဝန်ကို စတင်ယူခဲ့သည့် အချိန်မှစ၍ ယနေ့အထိ နိုင်ငံတော်နေရာအနှံ့ ကွက်လပ်မကျန်အောင် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဇောက်ချလုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းသို့လုပ်ဆောင်ခဲ့မှုကြောင့် ပြည်သူများ၏ စီးပွားရေးဘဝ သိသိသာသာ တိုးတက်ခဲ့ကြောင်း၊ နိုင်ငံတော် စားနပ်ရိက္ခာဖူလုံရေးနှင့် ၇၀ရာခိုင်နှုန်းသော လူဦးရေနေထိုင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅)ရပ်မှာ သိသိသာသာ စံပြုလောက်သည့် လုပ်ငန်းကြီးများဖြစ်ကြောင်း။

တပ်မတော်အစိုးရလက်ထက်တွင် စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ဆည်မြောင်းတာတမံအသစ် ၁၈၁ခုနှင့် မြစ်ရေတင်စီမံကိန်းအသစ် ၂၉၃ခု တည်ဆောက်ပေးခဲ့သည့်အတွက် စိုက်ပျိုးရေးကဏ္ဍမှာ စိုက်ပျိုးရေဖူလုံစွာရရှိခဲ့ကြောင်း၊ ယင်းအတွက် သီးနှံစိုက်စွမ်းအားသည် ၁၅၂ ဒသမ ၇ ရာခိုင်နှုန်း ရှိလာပြီး ယခင်စပါးတင်းပေါင်း ၆၅၃သန်းသာ ထွက်ရာက ယခုစပါးတင်းပေါင်း သန်း ၁၂၀၀ထွက်ရှိလာပြီဖြစ်ကြောင်း၊ ထွက်ရှိလာသည့်စပါးမှာ လက်ရှိလူဦးရေ ၅၄သန်းအပြင် နောက်ထပ်လူဦးရေ ၂၅ သန်းခန့်ကျွေးနိုင်ကြောင်း။

စေတနာသိသာထင်ရှား

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာဆိုလျှင်လည်း နိုင်ငံတော်မှရှိသည့် ကျေးရွာပေါင်း ၄၀၀၀၀ကျော်ကို သန့်ရှင်းသော သောက်သုံးရေရရှိအောင် စီစဉ်ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်အစိုးရ၏လုပ်ဆောင်ချက် စေတနာမှာ သိသာထင်ရှားလွန်းကြောင်း တွေ့ခဲ့ရပြီဖြစ်ကြောင်း။

မိမိတို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသကို ကြည့်မည်ဆိုလျှင်လည်း တပ်မတော်အစိုးရကာလမှာ ပေ ၁၈၀အထက် တံတားနှစ်ခု၊ ဆည်တမံအငယ်စားများ ၆၂ခု၊ မူလတန်းလွန်ကျောင်း ၁၉၇ကျောင်း၊ မူလတန်းကျောင်း ၂၆၃ ကျောင်း၊ အလယ်တန်းကျောင်းလေးကျောင်း၊အထက်တန်းကျောင်း ၁၇ကျောင်း၊ နည်းပညာကောလိပ်တစ်ကျောင်း၊ ကွန်ပျူတာကောလိပ်တစ်ကျောင်းနှင့်ပညာရေးဝန်ထမ်းပေါင်း ၃၅၈၈ဦး အသစ်တိုးတက်ဖြစ်ထွန်းလာခဲ့ကြောင်း။

ထို့အပြင် ရာသီမရွေးသွားနိုင်သောလမ်းမိုင် ၄၆၄ မိုင်အသစ်တိုးတက်ဖြစ်ပေါ်လာခဲ့ကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ဆန်ဖူလုံမှုရာခိုင်နှုန်းမှာ ၁၂၀ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ပြီး တစ်ဧကစပါးအထွက်နှုန်းမှာ တင်း ၁၅၀၊ တင်း ၂၀၀ ဖြစ်နေကြပြီးဖြစ်ကြောင်း၊ ဤဘက်ခေတ်များမှ အောင်မြင်ဖြစ်ထွန်းတိုးတက်မှုများ၊ ငြိမ်းချမ်းခြင်း၊ တည်ငြိမ်အေးချမ်းခြင်း၏ အကျိုးရလဒ်အသီးအပွင့်များပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံမှာ မိမိတို့၏ဒေသမှာ ယင်းကဲ့သို့ဖြစ်ပေါ်ပြောင်းလဲတိုးတက်နေသော်လည်း ပြည်တွင်းပြည်ပအဖျက်အုပ်စု၊ ပြည်ပဉာဏ်ကြီးရှင်အဖွဲ့နှင့် ပြည်ပနိုင်ငံကြီးတချို့က မြန်မာပြည်က စားနပ်ရိက္ခာမဖူလုံဘူး၊ ပြည်သူတွေ ငတ်နေပြီဟုဆိုကြောင်း၊ ၂၀၀၅ ခုနှစ်အတွက် အကောင်းဆုံး ဟာသပျက်လုံးတစ်ခုဖြစ်ကြောင်း။

ယနေ့ကျင်းပနေသည့် အမျိုးသားညီလာခံကြီးသည် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ရေးဆွဲနိုင်ရေးအတွက် လိုအပ်သောအခြေခံမူများ ဆွေးနွေးအဖြေရှာညှိနှိုင်းဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးက ဆုံးဖြတ်ချမှတ်ခဲ့သည့် အခြေခံမူများထဲမှာ မိမိတို့တောင်သူလယ်သမားများနှင့် စပ်လျဉ်းသည့်အခြေခံမူနှစ်ချက် ချမှတ်ထားသည်ကိုတွေ့ရကြောင်း၊ ယင်းမှာ မိမိတို့ တောင်သူလယ်သမားများ၏အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းမည်၊ မိမိတို့ထုတ်လုပ်သည့် ကောက်ပဲသီးနှံများကို သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီမည်ဆိုသည်များဖြစ်ကြောင်း၊ ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တောင်သူလယ်သမားများအတွက် အားထားရမည့် ဥပဒေဖြစ်ရန်သေချာသည်ဆိုသည်ကို တွေ့နေရ၍ ဝမ်းသာပီတိ ဂွမ်းဆီထိဖြစ်နေရကြောင်း၊ ညီလာခံကိုယ်စားလှယ်ကြီးများသည် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်ရရှိရေးအတွက် အသေးစိတ်အခြေခံရမည့်မူများကို တိုင်ပင်ညှိနှိုင်း၊ ဆွေးနွေးအဖြေရှာ၊ အတည်ပြုဆုံးဖြတ်မှုများကို လွတ်လပ်တက်ကြွစွာနှင့် ပါဝင်ဆောင်ရွက်နေကြကြောင်း၊ ယင်းမှာ အနာဂတ်နိုင်ငံတော်အတွက် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေရရှိရေးအတွက် တစ်ခုတည်းသောနည်းလမ်းဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်တင်ပြလိုသည်မှာ မိမိတို့၏ ဖြစ်ပေါ်တိုးတက်မှုများ၊ အပြုသဘောဆောင်သည့် ဆောင်ရွက်ချက်များ၊ နိုင်ငံတော်၏အေးချမ်းသာယာမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကိုမရှုနိုင်၊ မမြင်နိုင်သည့် ပြည်တွင်းပြည်ပက အဖျက်သမားအချို့မှာ မှားယွင်းသည့်သတင်းအချက်အလက်များကို အခြေခံပြီး ဖြစ်သည့်နည်းနှင့် တစ်ဖက်သတ်ဖိအားပေးပြီး ပြောဆိုရေးသားနေကြမှာပင်ဖြစ်ကြောင်း၊ ယင်းမှာ ဒီမိုကရေစီအရေးနှင့် မည်သို့မျှမနီးစပ်သည့်အပြင် အမြင်နီးသော်လည်း ခရီးဝေးသကဲ့သို့ ဖြစ်နေမှာသေချာကြောင်း။

မိမိတို့ မြန်မာနိုင်ငံကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်ရန်မှာ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်ရရှိရေးကပင် အဓိကကျကြောင်း၊ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေရရှိရန်မှာလည်း အမျိုးသားညီလာခံကသာ အရေးကြီးသည့်အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံအောင်မြင်ရေးသည် နိုင်ငံတော်အတွက်၊ ပြည်သူလူထုအတွက် အရေးကြီးကြောင်း၊ အမျိုးသားညီလာခံ မအောင်မြင်အောင်၊ နှောင့်နှေးအောင် လုပ်နေသည့်အပြုအမူများ၊ စွပ်စွဲချက်၊ တစ်ဖက်သတ် ဖိအားပေးမှုများသည် ဒို့တာဝန်အရေးသုံးပါးကို ထိပါးခြင်းပင်ဖြစ်၍ မိမိတို့ ပြည်သူများ ထိရောက်စွာကာကွယ်ကြရမှာဖြစ်ကြောင်း၊ မည်သည့်အခါမျှ အထိပါးခံ၍ မဖြစ်ကြောင်း။

ထို့ကြောင့် မိမိအနေဖြင့် ပြည်သူများနှင့်အတူ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားစိတ်ဓာတ်အပြည့်အဝဖြင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးထောက်ခံ တင်ပြသွားသည်။

အခြေခံမူ(၁၀၄)ချက်ချမှတ်ခဲ့

ထို့နောက် အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို လားရှိုးမြို့မှ အထက်တန်းရှေ့နေ ဦးသောင်းလွင်က ဆွေးနွေးထောက်ခံ တင်ပြရာတွင် တိုင်းရင်းသားလူမျိုးအသီးသီးမှ ကိုယ်စားလှယ်များ၊ လူထုလူတန်းစား အလွှာအသီးသီးမှ ကိုယ်စားလှယ်များအစုံအညီပါဝင်တက်ရောက်ပြီး လွတ်လပ်တက်ကြွစွာ ညှိနှိုင်းဆွေးနွေးနေသည့် အမျိုးသားညီလာခံကြီးက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် အခြေခံမူ (၁၀၄)ချက်ကို ညီလာခံကိုယ်စားလှယ်၏ ဆန္ဒဖြင့်ချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းအခြေခံမူများထဲတွင် မိမိတို့နှင့် တိုက်ရိုက်သက်ဆိုင်သည့်မူများ၌ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေး တာဝန်များနှင့်စပ်လျဉ်းသည့် အခြေခံမူများ (၉)ချက်၊ တိုင်းရင်းသားများနှင့် စပ်လျဉ်းသည့်အခြေခံမူများ (၃)ချက်နှင့် အသိပညာရှင်၊ အတတ်ပညာရှင်နှင့် စပ်လျဉ်းသည့် အခြေခံမူ(၁)ချက်တို့ သီးသန့်ပါဝင်သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အတွက် အမျိုးသားညီလာခံကချမှတ်ထားသည့် အခြေခံမူများတွင် ပြီးပြည့်စုံနေသည့်အတွက် ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံသားအားလုံးအတွက် ပြည့်စုံနေလိမ့်မည်ဟု လုံးဝယုံကြည်ကြောင်း။

ယင်းအခြေခံမူ(၁၀၄)ချက်သည် ပြည့်စုံစွာ စဉ်းစားထားကြသည့်မူများဖြစ်ပြီး ဆက်လက်ဆောင်ရွက်နေကြသည့် အမျိုးသားညီလာခံများမှာ ယင်းအခြေခံမူများအပေါ်တွင် အသေးစိတ်အခြေခံရမည့်မူများ ထပ်မံဖော်ထုတ်ရရှိအောင် ဆောင်ရွက်နေကြခြင်းဖြစ်သည့်အတွက် ပိုပြီးအသေးစိတ်ပြီး ပိုပြီးပြည့်စုံခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းအမျိုးသားညီလာခံကတစ်ဆင့် ဆက်တိုက် ဖြစ်ပေါ်ရရှိလာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံသားအခွင့်အရေးများ အပြည့်အဝရရှိပြီး ယခင်ရှိခဲ့ဖူးသော ဖွဲ့စည်းပုံအခြေခံဥပဒေများထက် ပိုမိုပြည့်စုံ၊ ပိုမိုခေတ်မီပြီး အနှစ်သာရပြည့်စုံသွားမှာဖြစ်ကြောင်း။

ဒို့တာဝန်အရေးသုံးပါးပါဝင်

အခြေခံမူ(၁၀၄)ချက်ထဲက နိုင်ငံတော်၏ ဦးတည်ချက်နှင့်စပ်လျဉ်းသည့် အခြေခံမူ(၆)ချက်တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် အဓိကအရေးကြီးသည့် ဒို့တာဝန်အရေးသုံးပါး ပါဝင်ကြောင်း။

ထို့ကြောင့် အမျိုးသားညီလာခံကတစ်ဆင့် ဖြစ်ပေါ်ရရှိမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ထားပြီး အနာဂတ်အစိုးရ၊ အနာဂတ်တိုင်းပြည်နှင့် ပြည်သူလူထုအတွက် ပြည်ထောင်စုစိတ်ဓာတ်ကိုလည်းကောင်း၊ နိုင်ငံတော်အမြဲတမ်း တစည်းတလုံးတည်းဖြစ်ရေးကိုလည်းကောင်း ထိန်းကျောင်းပေးသွားမှာဖြစ်ကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်တွင် ပထမအချက်ဖြစ်သည့် အမျိုးသားညီလာခံက ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေရရှိရေးအတွက် အရေးကြီးဆုံးလုပ်ငန်းဖြစ်ကြောင်း။

အမျိုးသားညီလာခံသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများ၊ အနှစ်သာရများကို ညှိနှိုင်းဆွေးနွေးချမှတ်နေသည့် ကျယ်ပြန့် နက်ရှိုင်းသော အမျိုးသားနိုင်ငံရေး လှုပ်ရှားဆောင်ရွက်မှုကြီးဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီး အောင်မြင်စွာပြီးစီးမှ ပြည်သူများအလိုချင်ဆုံးဖြစ်သော အခြေခံဥပဒေရေးဆွဲမှု အောင်မြင်မှာဖြစ်ကြောင်း။

အသက်တမျှအရေးကြီး

ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာမှသာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် မြန်မြန်ဖြစ်ပေါ်လာနိုင်မှာဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်၏ အာဏာလွှမ်းမိုးမှုသာ နိုင်ငံတော်အတွက် အသက်တမျှ အရေးကြီးသည့် “ဒို့တာဝန်အရေးသုံးပါး”ကို စိတ်ချနိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ကျင်းပနေသော အမျိုးသားညီလာခံသည် အနာဂတ်နိုင်ငံတော်အတွက်၊ ဒီမိုကရေစီနိုင်ငံတော်အတွက် အလွန်အရေးကြီးသည့် အခြေခံအုတ်မြစ်ဖြစ်ကြောင်းတင်ပြလိုကြောင်း။

စာမျက်နှာ ၁၃ ကော်လံ ၄ သို့

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ သဘာပတိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ ဦးလှတင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ အစည်းအဝေးများကျင်းပ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များတက်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၈

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင် စခန်းရှိ ပြည်ထောင်စုခန်းမနှင့် သတ်မှတ်ထားသော ဆွေးနွေးပွဲ ခန်းမများ၌ကျင်းပရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲ ခန်းမ (၁)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီမှ ဦးထွန်းရင်လောက ဆောင်ရွက်၍ အခမ်းအနားမှူး အဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီ လုပ်ငန်းအဖွဲ့(၃)မှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဖြူနှင့် တွဲဖက်အခမ်းအနားမှူး အဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်စိန်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်ပေါင်း ၂၈ ဦး ရှိသည့်အနက် ၂၆ ဦး တက်ရောက်ကြသည့်အတွက် တက်ရောက်မှုရာခိုင်နှုန်း ၉၂ ဒသမ ၈၆ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီမှ ဦးထွန်းရင်လောက အဖွင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲ ရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလ အခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မှုများနှင့်စပ်လျဉ်း၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှဦးထွန်းရီနှင့်မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေး အဖွဲ့မှ ဦးခင်မောင်သိဏ်းတို့က ၎င်းတို့ ပါတီအသီးသီး၏ အကြံပြုချက်စာတမ်း များကိုဖတ်ကြား တင်ပြကြသည်။

ထို့နောက် အလှည့်ကျသဘာပတိ က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေး ကို နံနက် ၉ နာရီတွင် ပြည်ထောင်စု ခန်းမ၌ကျင်းပရာ အလှည့်ကျ သဘာ ပတိအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း) မှ ဒူးဝါးဇုတ်ဒေါင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကယား ပြည်နယ်မှ ဦးကျော်ဒင် (ခေါ်)ဦးထေး ရယ်နှင့် တနင်္သာရီတိုင်းမှ ဦးမောင်လု (ခေါ်)ဦးလှမြင့်တို့က ဆောင်ရွက် ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုး သားညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီ လုပ်ငန်းအဖွဲ့(၅)မှ ဒုတိယ ညွှန်ကြားရေးမှူးဦးသန်းထွန်းကလည်း ကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက် ညွှန်ကြားရေးမှူး ဦးတင် မောင်ဦးကလည်းကောင်း ဆောင်ရွက် ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်ပေါင်း ၆၄၄ ဦး ရှိသည့် အနက် ကိုယ်စားလှယ်ပေါင်း ၆၂၃ဦး တက်ရောက်ကြသည့်အတွက် တက် ရောက်မှု ရာခိုင်နှုန်း ၉၆ ဒသမ ၇၄ ရှိသဖြင့် အစည်းအဝေး အထမြောက် ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက် အရ အစည်းအဝေး စတင်ကျင်းပ ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒူးဝါး ဇုတ်ဒေါင်က အဖွင့်အမှာစကားပြော ကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့် အရေးနှင့်တာဝန်များအခန်းနှင့် တပ် မတော်အခန်းတို့အတွက် ချမှတ်သင့် သည့် အသေးစိတ် အခြေခံရမည့်မှု များနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်မှ ဦးထွန်းသွေး၊ ရန်ကုန်တိုင်းမှ ဒေါ်ခင် အေးမော်၊ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒေါ်တင်တင်အုန်းနှင့် မန္တလေးတိုင်းမှ ဦးသိန်းထွန်းတို့က အကြံပြု စာတမ်း များကို ဖတ်ကြားတင်ပြကြသည်။

နိုင်ငံရေးပါတီများမှ ကိုယ်စား လှယ်များ အစုအဖွဲ့၏ အစည်း အဝေးကို ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပရာ သဘာပတိ တိုင်းရင်း သား စည်းလုံးညီညွတ်ရေး ပါတီ မှ ဦးထွန်းရင်လော အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် အလှည့်ကျ သဘာ ပတိ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ဒူးဝါးဇုတ်ဒေါင်က နိဂုံးချုပ် အမှာ စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့

အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာအလှည့်ကျသဘာပတိအဖြစ် မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များ အဖြစ် စစ်ကိုင်းတိုင်းမှဦးခင်မောင်အေး နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဦးဘို သိန်းတို့ကဆောင်ရွက်ကြပြီး အခမ်း အနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်း အဖွဲ့(၇)မှဒုတိယညွှန်ကြားရေးမှူးဦးဇော် ဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူးဦးအောင် ဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်ပေါင်း ၄၇ ဦးရှိ သည့် အနက် ၄၆ ဦး တက်ရောက်ကြသည့် အတွက် တက်ရောက်မှု ရာခိုင်နှုန်း ၉၇ ဒသမ ၈၇ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက်အလှည့်ကျသဘာပတိ မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်းက အဖွင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင် မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ အခန်း နှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံ ရမည့်မှုများနှင့်စပ်လျဉ်း၍ ဧရာဝတီ တိုင်း ပုသိမ်မြို့နယ်မှ ဒေါ်အေးအေး သောင်း၊ တနင်္သာရီတိုင်း မြိတ်မြို့နယ်မှ ဦးကျော်လှိုင်နှင့် ရန်ကုန်တိုင်း ရွှေပြည် သာမြို့နယ်မှ ဦးကျော်မြအောင်တို့က အကြံပြုချက်စာတမ်းများကို ဖတ်ကြား တင်ပြကြသည်။

ထို့နောက် ယင်းအကြံပြုချက် စာတမ်းနှင့်စပ်လျဉ်း၍ အလှည့်ကျ သဘာပတိက တက်ရောက် လာကြ သူများ၏ ဆန္ဒသဘောထား အတည် ပြုချက်ကို ရယူ၍ အတည်ပြုကြောင်း ကြေညာပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ် သိမ်းလိုက်သည်။



တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေး ကို ပြည်ထောင်စုခန်းမ၌ကျင်းပရာ သဘာပတိ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒူးဝါးဇုတ်ဒေါင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အလုပ်သမား ကိုယ်စားလှယ် များအစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ သဘာပတိ မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်း အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ် များ အစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၇) ၌ ကျင်းပရာ အလှည့်ကျသဘာပတိ အဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေး ဝန်ကြီးဌာနမှ ဦးလှတင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များ အဖြစ် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်အောင်သိမ်းနှင့်သာသနာရေး ဝန်ကြီးဌာနမှ ဦးအုံမောင်တို့ကဆောင် ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုး သားညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီ လုပ်ငန်းအဖွဲ့ (၉)မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက် ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ၁၀၉ ဦးရှိသည့်အနက် ၁၀၆ဦး တက် ရောက်ကြသည့်အတွက် ရာခိုင်နှုန်း အားဖြင့် ၉၇ ဒသမ ၂၅ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်း နှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဦးလှတင်က အဖွင့် အမှာစကား ပြောကြားသည်။

ဆက်လက်၍နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင် မည့်နိုင်ငံသား၊ နိုင်ငံသားများ၏ မူလ အခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ် သင့်သည့် အသေးစိတ်အခြေခံရမည့်မှု များနှင့်စပ်လျဉ်း၍နိုင်ငံခြားရေးဝန်ကြီး ဌာနမှ ဦးခင်မောင်ဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေး ဝန်ကြီးဌာနမှ ဦးမြင့်ထွန်းနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာနမှ ဒေါ်ညွှန့်ညွှန့် ရွှေတို့က အကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ယင်းအကြံပြုချက် စာတမ်းနှင့် စပ်လျဉ်း၍ အလှည့်ကျ သဘာပတိက တက်ရောက်လာကြ သူများ၏ ဆန္ဒသဘောထား အတည် ပြုချက်ကို ရယူ၍ အတည်ပြုကြောင်း ကြေညာပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကြက်ဆူပင်မျိုးကိုင်း စိုက်ပျိုးပေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ကြက်ဆူပင် စံပြမျိုးသန့်ဧက ၁၀၀ စိုက်ခင်းအတွင်းအမျိုးသားညီလာခံကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကြက်ဆူပင်ဧက ၃၀ စုပေါင်းစိုက်ပျိုးပွဲတွင် ခြံစည်းရိုး ကြက်ဆူမျိုးကိုင်းပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

ဒေသန္တရမှိုစိုက်ပျိုးဆောင်တွင် စီးပွားဖြစ် မှိုများ စိုက်ပျိုးထားရှိမှု၊ တိုင်းစစ်ဌာနချုပ်၏ စံပြဧက ၁၀၀ စိုက်ခင်း သီးနှံပင်များ ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဇန်နဝါရီ ၁၆ ရက် နံနက်ဇနာရီခွဲတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက် အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် တာဝန်ရှိသူများနှင့်အတူ လားရှိုးမြို့ ပြည်ထောင်စု အားကစားကွင်းအတွင်း ခင်းကျင်းပြသသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသဖွံ့ဖြိုးတိုးတက်မှု ဌာနဆိုင်ရာပြခန်းသို့ သွားရောက်၍ ဌာနဆိုင်ရာပြခန်း တစ်ခုချင်းအလိုက် ခင်းကျင်းပြသထားသော ဓာတ်ပုံမှတ်တမ်းများ၊နမူနာပုံစံငယ်များနှင့် နမူနာပစ္စည်းများကို လှည့်လည်ကြည့်ရှုကြပြီး ပြခန်း တာဝန်ခံများအား လုပ်ငန်း လိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လားရှိုးမြို့နယ် နားဖကျေးရွာအနီးရှိ ရှမ်းပြည်နယ်(မြောက်ပိုင်း) မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ရဲသီဟာဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့လည်းကောင်း၊ ပိန်းထန်ကျေးရွာအနီးရှိ ပြည်နယ်ရဲတပ်ဖွဲ့၏ ကြက်ဆူပင် စံပြမျိုးသန့်ဧက ၁၀၀ စိုက်ခင်းသို့လည်းကောင်း ရောက်ရှိကြပြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ ရဲတပ်ဖွဲ့မိသားစုဝင်များနှင့်အတူ ကြက်ဆူပင်များ စိုက်ပျိုးပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အမျိုးသားညီလာခံကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လားရှိုးမြို့နယ် မိုင်းယော်ကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းနှင့်ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအောင်ဝင်းတို့က ဆေးရုံ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဆေးရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဆေးရုံဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် အခမ်းအနားကို တိုက်နယ်ဆေးရုံသစ် ခန်းမဆောင်၌ ဆက်လက်ကျင်းပရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအောင်ဝင်းက တိုက်နယ်ဆေးရုံဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး ပတ္တမြားဥယျာဉ် ကုမ္ပဏီလီမိတက်မှ ဦးသန်းဝင်းက ဆေးရုံဆောက်လုပ်ခြင်းနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို တိုက်နယ်ဆရာဝန် ဒေါက်တာဇင်ကိုကိုအောင်ထံ လွှဲပြောင်းပေးအပ်သည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဆေးရုံသုံးပစ္စည်းများကိုလည်းကောင်း၊ ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းက ဆေးရုံဝန်ထမ်းများအတွက် ဝတ်စုံများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ရာ တိုက်နယ်ဆရာဝန် ဒေါက်တာဇင်ကိုကိုအောင်က လက်ခံရယူသည်။

ဆက်လက်၍ မိုင်းယော်ကျေးရွာ ဥက္ကဋ္ဌဦးလိုင်းစရုန်းက တိုက်နယ်ဆေးရုံ ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဆေးရုံဖွင့်ပွဲအထိမ်းအမှတ်အလံများကို တိုက်နယ် ဆရာဝန် ဒေါက်တာဇင်ကိုကိုအောင်က တိုင်းမှူး၊ ဝန်ကြီးနှင့်တာဝန်ရှိသူများအား ပေးအပ်သည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဆေးရုံလူနာဆောင်အတွင်း လှည့်လည်ကြည့်ရှု၍ ဆေးရုံတက်လူနာများအား ထောက်ပံ့ပစ္စည်းများပေးအပ်ကာ ဆေးရုံအတွင်းလူနာဆောင်၊ ဓာတ်ခွဲခန်း၊ ဆေးသိုလှောင်ခန်း၊ မွေးလူနာခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အမျိုးသားညီလာခံအား ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုင်းယော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်၍ ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းနှင့် တွဲဖက်ပြည်နယ်ပညာရေးမှူး ဦးသန်းထွန်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်ဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်ခင်စန်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က စာကြည့်တိုက်အတွက် စာအုပ်များပေးအပ်လှူဒါန်းကြပြီးနောက် ကျောင်းစာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် အခမ်းအနားကို ကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က ဂုဏ်ပြုအမှာစကား အသီးသီးပြောကြားကြပြီး တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က ဆရာဆရာမများအတွက် ကျောင်းဝတ်စုံများနှင့် ဂုဏ်ပြုထောက်ပံ့ငွေများပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေဝင်းက လက်ခံရယူသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက်ဒေသခံတိုင်းရင်းသားဦးကန်နကဒေသခံပြည်သူများ ကိုယ်စား ကျေးဇူးတင်စကားပြန်လည် ပြောကြား၍ အခမ်းအနားကိုရုပ်သိမ်းလိုက်ပြီးနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တက်ရောက်လာကြသူများအားရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးကြသည်။

လားရှိုးမြို့နယ် မိုင်းယော်ကျေးရွာတွင် ဖွင့်လှစ်ပေးခဲ့သည့် ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံသည် အလျား ၁၂၆ ပေ၊အနံ ၁၁၈ပေရှိပြီး ငွေကျပ် ၆၁၂ သိန်းဖြင့်လည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်သည် အလျားပေ ၁၅၀၊ အနံပေ ၃၀ရှိ တစ်ထပ်ကျောင်းဆောင်သစ်ဖြစ်ပြီး ငွေကျပ် ၂၃၈သိန်းဖြင့် လည်းကောင်း စုစုပေါင်း ငွေကျပ်သိန်း ၈၅၀အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ လျှပ်စစ်စွမ်းအားကဏ္ဍ

တပ်မတော်အစိုးရလက်ထက် လျှပ်စစ်ဓာတ်အားများ တိုးတက်ထုတ်လုပ်

ရေအားလျှပ်စစ်စီမံကိန်းများ နိုင်ငံတစ်ဝန်း တိုးတက်ဖြစ်ထွန်းလာ

ယနေ့ မျက်မှောက်ကာလတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်လာမှုနှင့် အတူ ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်းများ ယခင်နှင့်မတူ သိသိသာသာမြင့်မား တိုးတက်လာလျက်ရှိသည်။ ကမ္ဘာနှင့်အဝန်း တိုးတက်ပြောင်းလဲနေသော သိပ္ပံနှင့်နည်းပညာများသည် နှစ်စဉ် တိုးတက်ဆန်းသစ်လျက်ရှိရာ နိုင်ငံသားပြည်သူများအနေဖြင့် ခေတ်မီ အီလက်ထရွန်နစ်ပစ္စည်းများကို ပိုမိုတိုးတက်သုံးစွဲလျက်ရှိသည်။

အိမ်တိုင်းစေ့နီးပါးသုံးစွဲ

ယခင်ခေတ်ကာလက ရုပ်မြင်သံကြား၊ လျှပ်စစ်မီးပူ၊ ရီကော်တာ၊ ပန်ကာတို့ကို လူနည်းစုသာ အသုံးပြုခဲ့ကြသည့်အပြင် မြို့ပြဒေသများရှိ အိမ်ရာ အဆောက်အအုံများမှာလည်း လုံးချင်း အိမ်ရာများအဖြစ်သာ တည်ရှိခဲ့သည်။ ယခုအခါ မြို့ပြဒေသများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အထပ်မြင့်အိမ်ရာများပါးဖြစ်ထွန်းလာသည့်အပြင် အိမ်ထောင်စုအများစုမှာလည်း မီးချောင်း၊မီးသီး၊ရုပ်မြင်သံကြား၊ဗီဒီယို၊ ကက်ဆက်၊ ပန်ကာ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ လေအေး ပေးစက်၊ လျှပ်စစ်မီးဖို စသည့်လူ့အသုံးအဆောင်ပစ္စည်းများကို အဆင့်မြင့်မြင့် အိမ်တိုင်းစေ့နီးပါး သုံးစွဲလာနိုင်ကြသည်။

ယင်းသို့သုံးစွဲရာတွင် ရန်ကုန်မြို့တစ်မြို့တည်း၌ လျှပ်စစ်ဓာတ်အားသုံးစွဲသူ အိမ်ထောင်စု ငါးသိန်းကျော်ရှိပြီး အိမ်ထောင်စုတစ်စု လေးပေမီးချောင်းတစ်ချောင်း သုံးစွဲရုံဖြင့် လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၂၀ ကျော်ကို လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ပို့လွှတ်ပေးရပေသည်။

ဖြည့်ဆည်းပေးလျက်ရှိ

ထို့ကြောင့် တိုးတက်မြင့်မားလာသော လူနေမှုစနစ်နှင့် လျော်ညီစွာ နိုင်ငံတော်က လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးနိုင်ရန်အတွက် လျှပ်စစ်စွမ်းအားကဏ္ဍ မြင့်မားတိုးတက်လာစေရန် အစဉ် ကြိုးဆီမံဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံသည် မြေသယံဇာတသာမက ရေသယံဇာတများပါ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ ပေါများ ကြွယ်ဝသောသဘာဝသယံဇာတများကို ရှာဖွေ ဖော်ထုတ်၍ လျှပ်စစ်စွမ်းအားများ ထုတ်ယူကာ ပြည်သူတို့၏လိုအပ်ချက်ကိုဖြည့်ဆည်းပေးလျက်ရှိသည်။

တိုးတက်ဖော်ဆောင်

လျှပ်စစ်စွမ်းအားများကို ရယူရာတွင် ရေအားလျှပ်စစ်၊ သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်နှင့် လောင်စာဆီစွမ်းအင်သုံးလျှပ်စစ်ဟူ၍ သုံးမျိုးခွဲကာ လျှပ်စစ်ဓာတ်အားများ ထုတ်ပေးလျက်ရှိသည်။ ရေအားလျှပ်စစ်စီမံကိန်းများသည် မြန်မာနိုင်ငံအတွက် အားအထားရဆုံးစီမံကိန်းများဖြစ်သည်။ ဒေသအနှံ့တွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို တည်ဆောက်ပေးလျက်ရှိရာတွင် ယခင် ခေတ်ကာလက လောပိတ ရေအားလျှပ်စစ်စီမံကိန်းတစ်ခုတည်းသာရှိရာမှ ယခုအခါ ဒေသအနှံ့တွင် ရေအားလျှပ်စစ်စီမံကိန်း ၃၀ တိုးတက်ဖော်ဆောင်ပေးနိုင်ခဲ့သည်။

တပ်မတော်အစိုးရ လက်ထက် ဒေသအလိုက်တည်ဆောက်ပေးခဲ့သည့် ရေအားလျှပ်စစ်စီမံကိန်းကြီးများအနက် တည်ဆောက်ပြီး စီမံကိန်းကိုးခုမှ နေ့စဉ် ထုတ်လွှတ်ပေးလျက်ရှိသည့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်များကို ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည်ဖြစ်သည်။ ။



မကွေးတိုင်း စေတုတ္တရာမြို့နယ် မြောက်ဘက် နှစ်မိုင်ခန့်အကွာ မုန်းချောင်းပေါ်တွင် တည်ဆောက်ထားသည့် မုန်းချောင်း ဘက်စုံရေလှောင်တမံ စီမံကိန်း၏ လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

နိုင်ငံတစ်ဝန်း ဖြစ်ထွန်းလာသည့် ရေအားလျှပ်စစ်စွမ်းအား

(နေ့စဉ်ထုတ်လွှတ်ပေးလျက်ရှိသည့် မဂ္ဂါဝပ်)

စဉ်	စီမံကိန်းအမည်	ပြည်နယ်/တိုင်း/မြို့	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	ဘီလူးချောင်း(၁)(၂)	ကယားပြည်နယ်၊ လွိုင်ကော်	၁၂၀	၃၆၀	၂၄၀
၂	ကင်းတား	မန္တလေးတိုင်း၊ မြစ်သား	-	၁၈	၁၈
၃	ဆည်တော်ကြီး	မန္တလေးတိုင်း၊ မတ္တရာ	-	၁၈	၁၈
၄	ဇော်ဂျီ(၁)	ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်	-	၈	၈
၅	ဇော်ဂျီ(၂)	ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်	-	၉	၉
၆	သဖန်းဆိပ်	စစ်ကိုင်းတိုင်း၊ ကျွန်းလှ	-	၁၂	၁၂
၇	ပေါင်းလောင်း	မန္တလေးတိုင်း၊ ပျဉ်းမနား	-	၂၈၀	၂၈၀
၈	မုန်းချောင်း	မကွေးတိုင်း၊ စေတုတ္တရာ	-	၇၀	၇၀
၉	ဇောင်းတူ	ပဲခူးတိုင်း၊ ပဲခူး	-	၂၀	၂၀

စာမျက်နှာ ၁၁ မှ

ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်ရရှိပြီးပြီဆိုလျှင် တိုင်းရင်းသားလူမျိုးများ လိုလားတောင့်တနေသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကို ဥပဒေနှင့်အညီ အခိုင်အမာဖြည့်ဆည်းပေးနိုင်မှာဖြစ်ကြောင်း၊ ထို့အပြင် ယခင် အခြေခံဥပဒေများထက် ထူးခြားပြီး ပိုမိုပြည့်စုံသည့်အချက်မှာ ဥပဒေနှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအသီးသီး ဖြစ်ပေါ်လာပြီး အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးများကို ဆောင်ရွက်ခွင့်ရရှိမည့် ကိစ္စပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များမှာနေထိုင်ကြသော ဒေသခံပြည်သူများ၏ အကျိုးစီးပွား၊ ရပိုင်ခွင့်၊ ခံစားပိုင်ခွင့်များကို ပြည်သူတို့၏ ဆန္ဒအတိုင်း ပိုမိုကာကွယ်စောင့်ရှောက်ပေးနိုင်မှာဖြစ်ကြောင်း၊ ယင်းအချက်များကြောင့် မိမိတို့တိုင်းရင်းသားပြည်သူများ လိုချင်နေသည်မှာ အားလုံးပြည့်စုံသွားပြီးဖြစ်ကြောင်း၊ ထိုမျှလောက်ပြည့်စုံကောင်းမွန်သည့် အချက်အလက်များရရှိမှ မိမိတို့လုံးဝကျေနပ်ပျော်ရွှင်နေသောအချိန်တွင် ညီလာခံကိုဖျက်လိုဖျက်ဆီးပြောနေကြသည့်သူများမှာ မိမိတို့မြန်မာနိုင်ငံက တိုင်းရင်းသားပြည်သူ မဟုတ်တော့သည့်သူ၊ မိမိဘာသာ မြန်မာနိုင်ငံသားဟု မခံယူတော့သည့်သူများသာ ဖြစ်ကြောင်း၊ အခြေခံဥပဒေဖြစ်ပေါ်ရရှိပြီးလျှင် လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်း ဆိုသည့် လောကပါလတရားများမှာလည်း နယ်ပယ်အရပ်ရပ်မှာ ပိုမိုထွန်းကားလာပြီး နိုင်ငံတော်သည်လည်း ငြိမ်းချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်း၊ အင်အားခိုင်မာတောင့်တင်းခြင်းတို့ ပြိုင်တူဖြစ်ပေါ်ခံစားရမည်ဆိုသည်ကို မိမိတို့ လေ့လာတွေ့ရှိရကြောင်း၊ မိမိတို့သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်တိုင်းပြည်၊ ကိုယ့်အားကိုယ်ကိုးပြီး တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ဘယ်လိုမျိုး အဖျက်ကိုမှ ကြောက်ရွံ့နောက်တွန့်ခြင်းမရှိပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံးက အပြည့်အဝလက်တွဲပူးပေါင်း ပါဝင်နေသည်ဖြစ်၍ ခွန်အား၊ စွမ်းအားခိုင်မာပြည့်ဝလျက်ရှိကြောင်း။

အမျိုးသားညီလာခံကြီးအောင်မြင်စွာပြီးစီးရေးသည် အခြေခံအကျဆုံးနှင့် မိမိတို့တိုင်းရင်းသားများ၏ အလိုချင်ဆုံးအရာဖြစ်ကြောင်း။

ထို့ကြောင့် တစ်နိုင်ငံလုံး ပြည်နယ်၊တိုင်းအသီးသီးမှာ ကျင်းပနေသည့် အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲများကိုလည်းကောင်း၊ ယနေ့အစည်းအဝေးကြီးမှာ တင်သွင်းသည့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံကြောင်း အဆိုကိုလည်းကောင်း၊ ပြည်သူလူထုနှင့်အတူ ရင်ထဲအသည်းထဲက လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးထောက်ခံ တင်ပြသွားသည်။

ယင်းနောက် သဘာပတိက လူထုအစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်သူလူထု၏ သဘောထားဆန္ဒကိုရယူရာ ပြည်သူလူထုက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း တညီတညွတ်တည်း သဘောတူဆန္ဒပြုကြသည့်အတွက် လူထုအစည်းအဝေးက ကြိုဆိုထောက်ခံကြောင်းကြေညာသည်။

ထို့နောက် လူထုအစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး နံနက်ဇနာရီခွဲတွင် အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်း

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံစုံညီ အစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်းပြီး အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၂)မှ ဦးအောင်မြင့်၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

(ယမန်နေ့ကအဆက်)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် –

၁။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သက်တမ်းစတင်သည့်နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်း စတင်သည့် နေ့ရက်ဖြစ်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ပထမ အကြိမ်ပုံမှန် အစည်းအဝေးကို ယင်းလွှတ်တော်၏သက်တမ်း စတင်သည့်နေ့မှ ၁၅ ရက်အတွင်း ကျင်းပရမည်။

၂။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

၃။ (က) ပထမအကြိမ် ကျင်းပသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

(ခ) ကတိသစ္စာမပြုရသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် လွှတ်တော် ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာ ပြုရမည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လထက် မပိုစေရ။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များ ဆောင်ရွက်သည်–

(က) နိုင်ငံတော်သမ္မတ ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ခ) နိုင်ငံတော်သမ္မတက ပေးပို့သောသဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ဃ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(င) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်က ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဆ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(ဇ) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(ဈ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

၆။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အထူးအစည်းအဝေးကို ဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန် လိုအပ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပနိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အကြောင်းကြားလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် လွှတ်တော်အထူးအစည်းအဝေးကို ဖြစ်စေ၊ အရေးပေါ် အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံး ခေါ်ယူကျင်းပရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံက တောင်းဆိုလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အထူးအစည်းအဝေးကို အမြန်ဆုံး ခေါ်ယူကျင်းပရမည်။

၇။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတစ်ရပ်၏ပထမနေ့တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

(ခ) အပိုဒ်ခွဲ(က)အရ အစည်းအဝေး အထမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကို တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံးသုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

၈။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်း မရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့်ကိစ္စများ၌ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲ မပေးရ၊ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတစ်ရပ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံးရက်ပေါင်း ၁၅ရက် တစ်ဆက်တည်းပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ကြေညာနိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ ရက်ကို ရေတွက်ရာ၌ အစည်းအဝေးရွှေ့ဆိုင်းထားသည့် ကာလကို ထည့်သွင်းရေတွက်ခြင်း မပြုရ။

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေစေကာမူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့ပြင် အခွင့်အရေးမရှိသူတစ်ဦးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်း၊ ဆန္ဒမဲပေးခဲ့ခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်း တစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း”တွင်ဖော်ပြသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်စိတ်တစ်ဒေသ အတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်”

၁၃။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဥပဒေတစ်ရပ် ပြဋ္ဌာန်းသည့်အခါ–

(၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် စည်းကမ်းဥပဒေများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်၊

(၂) သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(ခ) ဥပဒေတစ်ရပ်က အပ်နှင်းသည့်လုပ်ပိုင်ခွင့်အရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှုရှိရမည်၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်း ဥပဒေတစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာ အဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို အနီးကပ်ဆုံးကျင်းပသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ကာလတွင် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်။

(ဃ) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်း ဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်း ဥပဒေ ဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း ၉၀အတွင်း လွှတ်တော်ကိုယ်စားလှယ်များက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။

(င) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆုံးဖြတ်ပါက ထိုသို့ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်းမပြုမီ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်းမရှိစေရ။

(ဆက်လက်ဖော်ပြပါမည်)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး၌ မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း ဆောင်ရွက်သည်

ပန်းတနော်မြို့နယ်၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမှု ကြက်ဆူဆီဖြင့် လက်တွန်းထွန်စက်မောင်းနှင်သရုပ်ပြ

ပန်းတနော် ဇန်နဝါရီ ၁၁

ပန်းတနော်မြို့နယ် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမှု ရှင်းလင်းပွဲနှင့် တာဝန်ပေးအပ်ပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးလှသိန်းက စိုက်ပျိုးခြင်း ဆိုင်ရာများ၊ စိုက်ပျိုးရေး နည်းစနစ်များကိုလည်းကောင်း၊ မြို့နယ်စက်မှုလယ်ယာ ဦးစီးမှူး ဦးမျိုးမြင့်ဦးက ဘိုင်အိုဒီဇယ်ဆီဖြင့် စက်မောင်းဆီ အစားထိုးအသုံးပြုနိုင်မှုများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ရပ်ကွက်သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၂ အုပ်စုမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများကို စခန်းနယ်မြေများအလိုက် တာဝန်ပေးအပ်၍ စိုက်ပျိုးရန် မျိုးစေ့များနှင့် ကိုင်းပျိုးပင်များ ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနရုံးဝင်း၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက မျိုးစေ့ချပျိုးအိတ် ၅၀၀၀ နှင့် ကိုင်းပျိုးပင် ၂၀၀၀ ကို စုပေါင်း စိုက်ပျိုး ကြပြီး ကြက်ဆူဆီ ဘိုင်အိုဒီဇယ်ဖြင့် လယ်ယာ-၁၆ လက်တွန်းထွန်စက် မောင်းနှင် သရုပ်ပြကြသည်။ တစ်မြို့ နယ်လုံးအနေဖြင့် ၂၀၀၅-၂၀၀၆ ခုတွင် ၃၈ ဧက၊ ၂၀၀၆-၂၀၀၇ ခုတွင် ဧက ၁၃၆၀၊ ၂၀၀၇-၂၀၀၈ ခု တွင် ဧက ၁၆၈၂၀ အကောင်အထည်ဖော် စိုက်ပျိုး ဆောင်ရွက်ကြမည် ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျိုင်းတုံမြို့ ဆေးရုံလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ရာသို့ ဒီဇင်ဘာ ၂၅ ရက်က ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင် ကွင်းဆင်း စစ်ဆေးရာ **အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ကျော်က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် စည်ပင်)

မြန်မာ့အသံ

၂၀-၁-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုး ပြည့်အကျိုး အစီအစဉ် (နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်မှုနည်းပညာ)

၁၂း၀၀ ကျန်းမာရေးနှင့် ဆေးပညာ (ထိန်းသိမ်းကြစို့ထာဝစဉ်-ပိုလီယိုကင်းသည့် မြန်ပြည်တစ်ခွင်)

၁၂း၃၀ ဓာတ်လမ်းပမားနားဆင်ရာ (ရှာမှရှားတဲ့ ကျွန်မသား)

ညနေပိုင်း

၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း (၁)ဥယျာဉ်မှူးရဲ့ စေတနာ (ခေါင်းကြီး) (၂)ဥယျာဉ်မှူး (ဆောင်းပါးသရုပ်ဖော်)

၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၈း၂၅ ကျေးလက်ဓာတ်လမ်း (သာမောဖွယ်ရာ တို့လယ်ယာ)

၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (အမျိုးသားနှင့် အမျိုးသမီးတို့၏ ကိုယ်ခန္ဓာသဘော-မောင်ဆုရှင်)

ကျောက်ချောလမ်းခင်း

လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် တာဝန်ယူဆောင်ရွက်မည့် လပွတ္တာ-လပွတ္တာလုပ် ကျေးလက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းခွင်သို့ ဒီဇင်ဘာ ၂၈ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကိုနှင့် အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ် စည်ပင်)

ရွှေညောင်ပင်လမ်း ကတ္တရာလမ်းသစ်ဖွင့်

ကျောက်တံခါး ဇန်နဝါရီ ၉

(၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်တံခါး မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ရွှေညောင်ပင်လမ်း (မြို့ပြ)ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၈နာရီ ခွဲက အဆိုပါလမ်းသစ်ဖွင့်ပွဲ မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနား၌ ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် တက်ရောက်ခဲ့ပြီး ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(နယ်စပ်/စည်ပင်)

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု သာစည်မြို့ မေတ္တာလမ်း ကတ္တရာလမ်းသစ်ဖွင့်

သာစည် ဇန်နဝါရီ ၇

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၁) ရပ်ကွက်အတွင်းရှိ သာစည်မြို့ မေတ္တာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ရက် နံနက် ၉နာရီက အဆိုပါလမ်းမုခ်ဦးတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလူက အမှာစကားပြောကြားပြီး အမှုဆောင်အရာရှိ ဦးအောင်ကြိုင်က မေတ္တာလမ်း ကတ္တရာလမ်း ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ရှင်းလင်းပြောကြားသည်။

ဖွင့်လှစ်

ထို့နောက် မေတ္တာလမ်းကတ္တရာလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလူနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်ကြိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ လမ်းမှာ အရှည်ပေ ၂၂၄၀၊ အကျယ် ၁၂ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ငွေကျပ် ၅၆၁၀၀၀၀ဖြင့် တည်ဆောက်သောလမ်းဖြစ်ကြောင်းသိရသည်။

(နယ်စပ်/စည်ပင်)



မြန်မာ့အသေးစားချေးငွေလုပ်ငန်း အဆောက်အအုံသစ်ဖွင့် ချေးငွေလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး

မြောက်ဦး ဇန်နဝါရီ ၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အသေးစားချေးငွေလုပ်ငန်း မြောက်ဦးချေးငွေရုံးခွဲ အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက်နံနက်၉ နာရီက မြောက်ဦးချေးငွေရုံးခွဲ အဆောက်အအုံသစ်၌ ကျင်းပရာ မြန်မာ့အသေးစား ချေးငွေလုပ်ငန်း အထွေထွေမန်နေဂျာ ဦးအောင်မြင့်ထွန်းနှင့် ဒုတိယမြို့နယ်မှူး ရဲတပ်ဖွဲ့မှူး ရဲအုပ်တင်ဦးတို့က ဖဲကြိုးဖြတ်၍ ချေးငွေရုံးခွဲ အဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးကြသည်။ **(အောက်ဝဲပုံ)**

ဆက်လက်၍ မြန်မာ့အသေးစား ချေးငွေလုပ်ငန်း အထွေထွေမန်နေဂျာ ဦးအောင်မြင့်ထွန်းက မြောက်ဦး ချေးငွေရုံးခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အထိမ်းအမှတ်

ထို့နောက် မြန်မာ့အသေးစား ချေးငွေလုပ်ငန်း အထွေထွေမန်နေဂျာ ဦးအောင်မြင့်ထွန်းနှင့်ပြည်နယ် မန်နေဂျာ ဦးဦးဘယဉ်တို့က ချေးငွေလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး ချေးငွေရုံးခွဲအဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးကုတ်မြို့ အုန်းပင်လမ်းမ ကတ္တရာလမ်းသစ်ဖွင့်

မိုးကုတ် ဇန်နဝါရီ ၈

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ ၃၁ ရက်က ဖွင့်လှစ်သည့် လယ်ဦးရပ်ကွက် အုန်းပင်လမ်းမကြီး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဟန်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးနှင့် ပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဘဒွေးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆောင်ရွက်

အဆိုပါလမ်းသစ်အား မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် လယ်ဦးရပ်ကွက်ရှိ ပြည်သူများပူးပေါင်း၍ လယ်ဦးရပ် အုန်းပင်လမ်းမကြီး အရှည်ပေ ၂၀၀၀၊ အကျယ် ၁၂ပေ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၇၀၀၀၀၀ နှင့် ပြည်သူများပူးပေါင်းထည့်ဝင်ငွေကျပ် ၂၉၇၀၀၀၀ တို့ဖြင့် အကုန်အကျခံ ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

စလင်းမြို့ ကျေးရွာစာကြည့်တိုက် ရေရှည်တည်တံ့ရေး ဆွေးနွေး

စလင်း ဇန်နဝါရီ ၃

မကွေးတိုင်း စလင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်လှူဒါန်းပွဲနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးက အမှာစကားပြောကြားပြီး မြို့နယ် ဦးစီးမှူး ဦးမြင့် မောင်က စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်တွင်းရှိ ကျေးလက်စာကြည့်တိုက် ၄၂ ခုသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ညောင်ရွှေမြို့ ကျောက်တိုင်ရှေ့ ကတ္တရာထပ်ပိုးလွှာလမ်းဖွင့်

ညောင်ရွှေ ဇန်နဝါရီ ၈

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျောက်တိုင်ရှေ့ ကတ္တရာထပ်ပိုးလွှာလမ်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက အဆိုပါလမ်းထိပ်တွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် အမှုဆောင်အရာရှိ ဦးရဲမွန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆောင်ရွက်

အဆိုပါလမ်းမှာ အရှည်ပေ ၅၀၀၊ အကျယ် ၂၂ ပေရှိပြီး ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၇၅၁၀၀၀ ဖြင့် အကုန်အကျခံ ဆောင်ရွက်ကြခြင်းဖြစ်သည်။

(နယ်စပ်/စည်ပင်)

ကြီးကြပ်ဆောင်ရွက်

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသော မုဒုံမြို့ မြို့မ(၂)ရပ်ကွက် ရွှေဟင်္သာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းခွင်၌ ကတ္တရာလောင်းမှုအခြေအနေကို အမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

မွေးနေ့ဆုတောင်း

ဖေဖေ **ကိုသိန်းဇော်ဝင်း** နှင့် မေမေ **မစောနှင်းဖြူ** တို့၏ ချစ်သမီးလေး (၁)လပြည့် မွေးနေ့အတွက် အဘိုးလေး ဦးစိုင်းလတ်မှ ဝမ်းမြောက်ကြောင်းနှင့် အသက်(၁၂၀)ရှည်ပါစေ။

ဘိုးဘိုး–ဦးစိုင်းလတ်(ခ)ဦးတင်လတ်(တောင်ကြီးမောက်မယ်)။



ဂုဏ်ယူဝမ်းမြောက်ခြင်း

ဒေါ်ခင်စန်းဦး (ပန်းတနော်မြို့) အား နိုင်ငံတော်က ချီးမြှင့်ပေးအပ်သည့် လူမှုထူးချွန် တတိယဆုကို ရရှိသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဦးစိန်မြင့်၊ ဦးမင်းလွင်–ဒေါ်စန်းစန်းမြင့်၊ ဦးအေးမင်း–ဒေါ်ချိုချိုလှိုင်၊ ဒေါ်သန်းသန်းဇင် ဦးထွန်းလင်း၊ မတင်ဇာလင်း၊ မစုဝင့်ဖြူ၊ မောင်အောင်စစ်နိုင်၊ မပိုပိုးမင်းလှိုင်၊ မအိမ့်မှူးမင်းလှိုင်။

ဂုဏ်ယူဝမ်းမြောက်ခြင်း

ရေးမြို့နယ်အသင်း(ရန်ကုန်)၏ ဂုဏ်ထူးဆောင် နာယကကြီး သီရိသုဓမ္မမဏိဇောတဓရ **ဦးချူသန်း** အား (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်က ပေးအပ်ချီးမြှင့်သည့်

"အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ"

ဘွဲ့အား ထိုက်တန်စွာ ရရှိသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ရေးမြို့နယ်အသင်း(ရန်ကုန်)။

ချိုပ်ပိတ်တင်ဒါကြော်ငြာ
ပို့ဆောင်ရေးဝန်ကြီးဌာန
မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
အမှတ်(၅၀)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။

လုပ်ငန်းအမည်။ – Current Meter, Thermometer, Remote Sensing Subsystem ဝယ်ယူရန် တင်ဒါခေါ်ယူခြင်း
တင်ဒါပိတ်ရက်။ – ၂၆–၁–၂၀၀၆
တင်ဒါပိတ်ချိန်။ – ၁၆း၀၀ နာရီ

တင်ဒါနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ရုံးချုပ်(စီမံကိန်းဌာနစု)တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပြီး တင်ဒါပုံစံများကို ရယူနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန။

လင်းခေးခရိုင် ကျွန်းပတ်မော်တော်ယာဉ်လိုင်းသစ်ဖွင့်

လင်းခေး ဇန်နဝါရီ ၁၂

လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ကြီးမှူး၍ လင်းခေး– နားကုန်း– တာဆွတ်တိန်းနှင့် လင်းခေး–မောက်မယ် မော်တော်ယာဉ်လိုင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက အဆိုပါလိုင်းသစ် ပြေးဆွဲမည့်ဂိတ်တည်ရှိရာ ဟိုမိန်းဒေသ ဖွံ့ဖြိုးရေးအသင်း(အက်စ်သုံးလုံး) တည်းခိုခန်းရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းက အဖွင့်အမှာစကား ပြောကြားပြီး လင်းခေး ခရိုင်အတွင်း လင်းခေး–နားကုန်း–တာဆွတ်တိန်းနှင့် လင်းခေး–မောက်မယ် ကျွန်းပတ်မော်တော်ယာဉ်လိုင်းသစ်ကို နယ်မြေခံ တပ်နယ်မှူး ဗိုလ်မှူးကြီးမြင့်ဝေ၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းနှင့် ဟိုမိန်းဒေသဖွံ့ဖြိုးရေး ဥက္ကဋ္ဌ ဦးမဟာဂျာတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

လိုင်းဖွင့်ပွဲကျင်းပ

ဆက်လက်၍ လင်းခေးမြို့နယ် နားကုန်းကျေးရွာသို့ ဆက်လက်ထွက်ခွာကြပြီး နံနက် ၁၀ နာရီခွဲတွင် အလားတူ လင်းခေးမြို့နယ် နားကုန်းကျေးရွာ မော်တော်ကားဂိတ်၌ ဟိုမိန်း–တာဆွတ်တိန်း–နားကုန်းနှင့်နားကုန်း–လင်းခေး–မိုးနဲ–တောင်ကြီး မော်တော်ယာဉ်ကျွန်းပတ်လိုင်းဖွင့်ပွဲကို ကျင်းပကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

အင်းစိန်မြို့နယ် ဈေးကုန်းအရှေ့ရပ်ကွက် မီးရထားဝင်း ၅လမ်း အနောက်နေ ကွယ်လွန်သူ ဦးတင်မောင်–ဒေါ်ကြည်လှိုင်တို့အား ရည်စူး၍ ဦးငွေထွန်း–ဒေါ်ဝင်းဝင်းအေး မိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို စိန်ရတနာ နာရေးကူညီမှုအသင်း(အင်းစိန်)သို့ လှူဒါန်းရာ အသင်း စာရင်းစစ် ဦးမြတ်ဆွေနှင့် အဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

ဇန်နဝါရီ ၁၇ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၆)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ အောင်ဇေယျအိမ်ရာအတွင်း အစဉ်သန့်ရှင်းသာယာရေးအတွက် သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (က–ပ)

မအူပင်မြို့နယ် မင်းလမ်းကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ် စည်ပင်)

တွံတေးမြို့ ရွှေဆံတော်ဘုရားလမ်းရှိ မိဘဂုဏ်ဘိုးဘွားရိပ်သာတွင် ဇန်နဝါရီ ၁ ရက်က အလှူငွေပေးအပ်ပွဲကျင်းပရာ တွံတေးမြို့ ကျိုက်လပ်ကျောင်း ဆရာတော် ဥူးဝဇိရညာဏက အဘိုးအဘွားများအတွက် ဆေးပဒေသာပင် ကျပ်ငွေတစ်သိန်း လှူဒါန်းရာ ဘိုးဘွားရိပ်သာအဖွဲ့ ဘဏ္ဍာရေးမှူး ဦးကြီးမြင့် လက်ခံရယူ၍ ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (၃၈၀)

သပြေကုန်း အထက အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၈

မြန်အောင်မြို့နယ် သပြေကုန်း အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၂ ရက် (တနင်္ဂနွေနေ့)တွင် သပြေကုန်းအထက၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ဒီဇင်ဘာရက်က မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြိုင်ရတနာ လေးထပ်ဈေးတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးသူ ဈေးသားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်ကြစဉ်။ (မြို့နယ် စည်ပင်)

ကြည့်မြင်တိုင် အထက(၃) မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

ကြည့်မြင်တိုင် အထက (၃) (ယခင်ဝါးကျုံး)ကျောင်းတွင် ကျောင်းသား ကျောင်းသူဟောင်းများက အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂ရက်(တောင်သူလယ်သမားနေ့) နံနက် ၉ နာရီတွင် စကားဖြူခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ပူဇော်ပွဲ အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၉ ရက်မှစတင်၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်းရုံးခန်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းတိုင်း မပျက်မကွက်တက်ရောက်ကြရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က–ပ)**

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုသာမက ဆေးပညာတိုးတက်ပြန့်ပွားရေး သုတေသနလုပ်ငန်းများပါဆောင်ရွက် ဆေးဝါးအသစ်၊ ကုထုံးအသစ်နှင့် ခေတ်မီဆေးကုသကိရိယာများ တီထွင်ကြံဆ ကိုယ့်တိုင်းပြည်အတွင်း၌ပင် ရောဂါအမျိုးမျိုးကုသပေးနိုင်သည့် အဆင့်ရောက်အောင်ကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံဆရာဝန်အသင်း၏ (၅၂)ကြိမ်မြောက် ဆရာဝန်ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ၌ကျင်းပရာ အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေး ကော်မတီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆရာဝန် အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အပြည်ပြည်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ နိုင်ငံတကာဆရာဝန်အသင်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆရာဝန်အသင်း ညီလာခံကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ■

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲလူထုအစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြစဉ်။ (သတင်းစဉ်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်ရန် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေရရှိရေး အဓိကကျ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေရရှိရန် အမျိုးသားညီလာခံက အခြေခံအုတ်မြစ်ဖြစ်

ရန်ကုန် ဇန်နဝါရီ ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသား ညီလာခံကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)လားရှိုးမြို့ ပြည်နယ်ပြည်ထောင်စုအားကစားကွင်း၌ကျင်းပသည်။ လူထုအစည်းအဝေးသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ခရိုင်နှင့်မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာများ၊ စစ်မှုထမ်းဟောင်းအဖွဲ့၊

စာမျက်နှာ ၆ ကော်လံ ၁ ❒

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး